မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၂၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ များ တတ်စွမ်းသမျှ ငြိမ်းချမ်းရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန် တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ အဖွဲ့ဝင်များအား ဟဲဟိုးလေဆိပ်တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူလေးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တောင်ကြီးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတသည် နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းဝေနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတသည် မွေးကင်းစလူနာဆောင်တွင် ထပ်မံလိုအပ်သော အရန်မီးစက်တစ်လုံးရရှိနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် ပေါင်းစပ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ယနေ့ မာတိကာ

ငြိမ်းချောက်မှု အဆုံးသတ်ရန် ယူကရိန်း အတိုက်အခံကို ရုရှားက ဆော်သြ **စာ - ၄**

မြင်အောင် ကြည့်စေလိုပါသည် ဆောင်းပါး **စာ - ၆**

အိမ်ကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ် အောင်ပွဲခံနိုင်ပါ့မလား **စာ - ၁၄**

အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးနိုင်ပြီ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုသည်။ ထိုသို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်နှင့် စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ဘဏ်နှင့်ငွေကြေးရန်ပုံငွေအဖွဲ့များ၏ အကူအညီအထောက်အပံ့များ လိုအပ်သည်။ ယခုအခါ မြန်မာနိုင်ငံမှ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မင်္ဂလာမြန်မာက ချေးငွေများ ထုတ်ချေးတော့မည်ဖြစ်သည်။

"ပြည်တွင်းက အသေးစားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် အခုလို ငွေထုတ်ချေးမယ့် အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလို အသေးစား စီးပွားရေးလုပ်ငန်းတွေအတွက် အခု ဖေဖော်ဝါရီလကစတင်ပြီး ငွေချေးလို့ရပါပြီ။ ဒီဖေဖော်ဝါရီလအတွက် ခန့်မှန်းခြေ လူ ၃၀ နဲ့ ၄၀ ခန့်ကို ချေးငွေထုတ်ပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် အခုလိုငွေချေးမယ့်ကာလရော ငွေချေးမယ့်လူဦးရေပါ ကန့်သတ်ထားမှုမရှိပါဘူး" ဟု မင်္ဂလာမြန်မာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်သူဇာက ပြောသည်။

ယခု အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေထုတ်ချေးမည့်အစီအစဉ်သည်ယခင်က ငွေကျပ်သုံးသိန်း၊ ငါးသိန်း၊ ၁၀ သိန်းစသည်ဖြင့် ချေးယူပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ ပြန်ဆပ်ပြီးသူများနှင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်သူများ ပါဝင်သည့်အပြင် ယခုမှအသေးစားစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်မည့်လူသစ်များလည်း ပါဝင်မည်ဖြစ်သည်။

"အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေချေးလိုသူများဟာ စီးပွားရေးကို တကယ်လုပ်သူဖြစ်ရပါမယ်။ *စာမျက်နှာ ၃ ကော်လံ ၅* ❖

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်ပီပီ ရှေ့သို့ချီ

“ယနေ့လူငယ်၊ နောင်ဝယ်လူကြီး” ဟူသော စကားရှိသည်။ လူငယ်လူရွယ် မျိုးဆက်သစ်များသည် အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့်သူများပင် ဖြစ်သည်။ လူငယ်ဟူသည် တိုင်းပြည်၏အနာဂတ်၊ တိုင်းပြည်၏အရင်းအမြစ်များပင် ဖြစ်သည်။ ထိုအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်ပေးခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးရွက်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ အနာဂတ်ကာလသည် လူငယ်တို့၏ခေတ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။

အိုင်တီနည်းပညာများ တိုးတက်လာသည်နှင့်အမျှ လူငယ်မျိုးဆက်သစ်တို့၏ ဦးဆောင်မှုအခန်းကဏ္ဍမှာလည်း တဖြည်းဖြည်း ကျယ်ဝန်းလာနေပြီဖြစ်ပါသည်။ လူငယ်တို့၏ခေတ်သို့ ကူးပြောင်းလာခြင်းနှင့်အတူ လူငယ်လူရွယ်တိုင်းကလည်း ခေတ်ရေစီးကြောင်းအတိုင်း လိုက်ပါသွားနိုင်ရန်လိုအပ်ပါသည်။ ခေတ်နှင့်အညီ အိုင်တီအတတ်၊ ဘာသာဗေဒအတတ်၊ စက်မှုနည်းပညာအတတ်၊ လူမှုဆက်ဆံရေးအတတ် စသည်ဖြင့် အတတ်ပညာမျိုးစုံ တတ်ကျွမ်းထားပါမှ ခေတ်နှင့်အမီ လိုက်နိုင်မည်ဖြစ်ပါသည်။

လူငယ်ဟူသည် တက်ကြွနေရမည်၊ ဖျတ်လတ်နေရမည်၊ လန်းဆန်းနေရမည်ဖြစ်ပါသည်။ မည်သည့်ကိစ္စမဆို တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်နိုင်စွမ်းရှိဖို့လိုပါသည်။ စူးစမ်းခြင်း၊ လေ့လာခြင်း၊ တီထွင်ကြံဆခြင်း၊ ကြိုးစားအားထုတ်ခြင်းတို့ဖြင့် တိုးတက်မှုကို မပြတ်ရှာဖွေနေတတ်ဖို့လိုပါသည်။ တွေဝေငေးငိုင်နေခြင်း၊ အကျိုးမဲ့အချိန်ဖြုန်းခြင်းတို့ဖြင့် တိုးတက်လာလိမ့်မည် မဟုတ်ချေ။ အမြဲတမ်း လေ့လာသင်ယူလိုသောဆန္ဒသည် ပြင်းပြနေရပါမည်။ လေ့လာချင်သည်၊ သင်ယူချင်သည်၊ တတ်မြောက်ချင်သည်ဆိုသော လိုချင်စိတ်များရှိဖို့လိုပါသည်။ မည်သည့်အရာမဆို လိုအင်ဆန္ဒပြင်းပြခြင်းမရှိလျှင် ဖြစ်မလာနိုင်ပါ။ လိုချင်စိတ်၊ တတ်ချင်စိတ်ပြင်းပြပြီး မဆုတ်မနစ်အားထုတ်နေမှသာ တတ်မြောက်ခြင်းသို့ ရောက်ရှိနိုင်ပါသည်။

တစ်ဖန် စိတ်ကောင်းစေတနာသည်လည်း လူငယ်လူရွယ်တိုင်း မွေးမြူအပ်သော အရာပင်ဖြစ်သည်။ မည်သည့်အရာအတွက်မဆို စိတ်ကောင်းနှလုံးကောင်းဖြင့် ကူညီဆောင်ရွက်ပေးလိုသော စိတ်မျိုးရှိဖို့လိုပါသည်။ ကူညီရိုင်းပင်းလိုသော စိတ်ဓာတ်၊ လူသားချင်းကိုယ်ချင်းစာတတ်သော စိတ်ဓာတ်မျိုး မွေးမြူဖို့လိုပါသည်။ ဤသို့ လက်ရုံးရည်နှလုံးရည်အားကောင်းသော လူငယ်လူရွယ်များ တိုးပွားလာရန်အရေးကြီးပါသည်။ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ တိုးတက်များပြားလာခြင်းဖြင့် အနာဂတ်နိုင်ငံတော် ထူထောင်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

လူငယ်ဟူသည် အမြဲတမ်းတိုးတက်နေရပါမည်။ “လူငယ်ပီပီ ရှေ့သို့ချီ” ဆိုသည့် စကားအတိုင်း နေ့စဉ်နှင့်အမျှ တိုးတက်မှုကို ရှာဖွေအားထုတ်နေသူများဖြစ်သင့်ပါသည်။ နေ့စဉ်နှင့်အမျှ အပေါင်းလက္ခဏာ ဖြစ်နေဖို့လိုပါသည်။ အသိပညာများ၊ အတတ်ပညာများ နေ့စဉ်ဘဝထဲသို့ ပေါင်းထည့်နေဖို့လိုပါသည်။ သို့မှသာ အစဉ်တိုးတက်နေသော လူငယ်များအဖြစ်သို့ ရောက်ရှိလာမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဂန့်ဂေါမြို့နယ်မှ လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေဧက ၉၀၀ စိုက်ကွင်း၌ တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သူပညာပေးပြပွဲပြုလုပ်ရန် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းများအား လာရောက်လေ့လာကြသည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာအုပ်စု ၇၅ အုပ်စုမှ လေ့လာရေးအဖွဲ့ဝင် ၁၇၈ ဦးတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဂန့်ဂေါမြို့နယ်မှ လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ စိုက်ခင်းပညာရှင်များက ဖြေကြားကြပြီး စိုက်ခင်းဝန်ထမ်းများက စိုက်နည်းစနစ်နှင့် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးအဆင့်မှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) ကူးပြောင်းနိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက် အရည်အသွေးနှင့် ကိုက်ညီစွာ ဈေးကွက်ဝင်မည့် သီးနှံအမယ်များကို ရွေးချယ်၍ ကျေးရွာအလိုက် စီးပွားဖြစ် စိုက်ကွင်းကြီးများ ထူထောင်ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးကောင်း မျိုးသန့် မျိုးစေ့များနှင့် စိုက်နည်းစနစ် နည်းပညာများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားရန် အသင့်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

ပိတောက်မြိုင်ဈေးရှေ့ ဈေးသည်များကြောင့် လမ်းအသွားအလာအခက်တွေ့

ထင်သာမြင်သာ ပြုပြင်စေချင်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မီးခွက်ဈေးဟု ခေါ်သော ပိတောက်မြိုင်ဈေးရှေ့ ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်ရှိ ဈေးတန်းသည် ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသကဲ့သို့ အများပြည်သူ သွားလာကြသဖြင့် ဈေးစည်သည့် အချိန်များတွင် သွားလာမှုအခက်အခဲကြုံတွေ့ရပြီး မကြာခဏပြဿနာ ဖြစ်ပေါ်လေ့ရှိပါသည်။

“ဈေးရှေ့လမ်းမအလယ်မှာ ဈေးသည်တွေ ဈေးရောင်းတာကြာပြီ။ မကြာခဏ စကားများကြတယ်။ ပြီးခဲ့တဲ့အပတ်က ညနေပိုင်းမှာ ဒိုင်နာကားဖြတ်သွားတာ ဝက်သားဗန်းကို ထိမိသွားတယ်။ လမ်းပေါ်မှာ ဈေးတန်းကသုံးတန်းဖြစ်နေပြီ။ သွားစရာ အလယ်တန်းပဲရှိတယ်။ တိုက်မိတော့ အုပ်စုလိုက်ပြဿနာရှိကြတယ်။ ကျွန်တော်တို့ ဆိုက်ကားတွေဖြတ်သွားရင် တွန်းသွားရတယ်။ စည်းကမ်းမဲ့ရောင်းတဲ့သူကို ဈေးကောက် ငွေကျပ် ၂၀၀ တောင်းတယ်။ ပြဿနာဖြစ်ရင် ဈေးကောက်ပေးပြီး ရောင်းတာဆိုပြီး အလျော်တောင်းကြတယ်။ ဟင်းသီးဟင်းရွက်သည်တွေလည်း မပြောရဲကြဘူး။ ဈေးကတာဝန်ရှိသူတွေက မပြောတော့ စည်းကမ်းနဲ့မညီညွတ်မှန်း သိကြပေမယ့် မပြောရဲကြဘူးဖြစ်နေတယ်” ဟု ဆိုက်ကားဂိတ်မှူးတစ်ဦးက ဆိုသည်။

ပိတောက်မြိုင်ဈေးဝန်းကျင်တွင် ဈေးကျောပေးထားသော လမ်းသွယ်တစ်ခုမှအပ ကျန်မျက်နှာစာသုံးဖက်တွင် ယာယီဈေးဆိုင်များ၊ မုန့်ဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်တို့ဖြင့် လူနေဆိုင်ခန်းများအဖြစ်တိုးပွားလာလျက်ရှိပြီး လူသွားလမ်းကျဉ်းကျဉ်းတွင် ကျောင်းသား ကျောင်းသူလေးများ ကျောင်းတက် ကျောင်းဆင်း အခက်အခဲများ ရင်ဆိုင်ရလျက်ရှိကာ လမ်းပေါ်မှ ဈေးသည်များကို တားဆီးဖယ်ရှားပေးနိုင်ရန် ဈေးသူ ဈေးသားများနှင့် အများပြည်သူက ဆန္ဒထုတ်ဖော်ပြောဆိုလျက်ရှိကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ဆွေးနွေး

လင်းခေး ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို မိုးနဲမြို့အလက မြို့မကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ လင်းခေးခရိုင် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအတွင်းရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သက်၊ မိုးနဲမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လင်းခေးခရိုင် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအတွင်းရေးမှူးနှင့် မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌတို့က လူဦးရေနှင့် အိမ်ထောင်စုအကြောင်းအရာ၊ သန်းခေါင်စာရင်းဆိုင်ရာ အကြောင်းအရာများကိုရှင်းလင်းဆွေးနွေးကြပြီး ပြည်သူများ သိရှိလိုသော အချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်း ကျောင်းသား ကျောင်းသူ ၈၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ABAC Free Education Seminar

MPDC EDUCATION
Study Master Degree From ABAC in Myanmar

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်
Bachelor of Business Administration (B.B.A)

တက္ကသိုလ်ဘွဲ့ရရှိပြီးသူများအတွက်
Master of Business Administration (M.B.A) (MS.IT)

MPDC နှင့် ABAC Thailand တို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်သော B.B.A, M.B.A, MS.IT, Pre M.B.A သင်တန်းများ နှင့် ပတ်သက်၍ Education Seminar ကို ပြုလုပ်မည်ဖြစ်ပါသည်။

Date : February 8, 2014
Time : 1:00 PM
Place : Building 15, MICT Park

Contact Us
Tel : 01, 507043, 507047, 09 420114501,09 256146919, 09 73103785

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယနိုင်ငံ Nagaland ပြည်နယ်ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ



နေပြည်တော်   ဖေဖော်ဝါရီ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ Nagaland ပြည်နယ်ဝန်ကြီးချုပ် H.E. Mr. Shri. Neiphiu Rio နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဟောက်ခန့်မန်၊ ဦးလှထွန်း၊ ဦးဇင်းဝမ်၊ ဦးဆားမူ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး

နေပြည်တော်   ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကျေးရွာအုပ်စုအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။

ညှိနှိုင်းဆောင်ရွက်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လယ်ဝေးမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက ရွာသူ ရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့်အတူ ကြည့်ရှုအားပေးကာ လုပ်ငန်းအခက်အခဲများကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများကို မိုးပွင့်စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှု၊ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါပုံ၊ ကတ်ပြားတွင် မိမိသဘောဆန္ဒအလျောက် ပြင်ဆင်ရေးသားခြင်း မရှိစေရေးနှင့် ပျက်စီးပျောက်ဆုံးမှု မရှိစေရေးတို့အတွက် စနစ်တကျဂရုပြုဆောင်ရွက်နိုင်ရေး အခြေအနေများ၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများ၊ သန်းခေါင်စာရင်းမေးခွန်းများနှင့် ပြည်သူများ မှန်မှန်ကန်ကန် ဖြေကြားနိုင်ရေး အခြေအနေများ၊ သန်းခေါင်စာရင်း ကောက်ရမည့်သူများနှင့် ထည့်သွင်းမကောက်ရမည့်သူများ၊ မိမိအကျိုး၊ မိမိရပ်ရွာ၊ မိမိနိုင်ငံအကျိုးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၍ ဝိုင်းဝန်းကူညီနိုင်ရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများကို ဒေသခံပြည်သူများအား ပြန်လည်မေးမြန်းဆွေးနွေးရာ ဖြေဆိုနိုင်ကြသူများအား သန်းခေါင်စာရင်းဆိုင်ရာ အမှတ်တရပစ္စည်းများကို ဂုဏ်ပြုပေးအပ်သည်။

ရင်းရင်းနှီးနှီး

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူတစ်ဦးချင်းထံ အသီးသီး ပေးအပ်ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

အဲဒီစီးပွားရေးကိုလုပ်ကိုင်တဲ့ လုပ်ငန်းလိုင်စင်ရှိရမှာဖြစ်သလို မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အိမ်ပိုင်ဆိုင်မှုစတဲ့ အထောက်အထားတွေတော့ ပြသရမှာဖြစ်ပါတယ်။ ဒါကလည်း မိတ္တူတွေပဲ ယူထားမှာဖြစ်ပြီး ထိန်းချုပ်ထားတဲ့ သဘောမပါပါဘူး။ အဲဒီလိုအချက်တွေ ပြည့်စုံရင်တော့ တစ်ဦးကို ကျပ်သိန်း ၁၀၀ အထိ ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ဒေါ်သူဇာက ဆက်လက်ပြောသည်။

ထိုသို့ချေးငွေများ ထုတ်ချေးခြင်းသည် အခြေခံပြည်သူများ၏ ဝင်ငွေတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတွင် ယခုအခါ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အခြေခံပြည်သူဦးရေ ၆၀၀၀ ကျော်ကို တစ်ဦးလျှင် အများဆုံးငွေကျပ် ၁၀ သိန်းအထိ ထုတ်ချေးပေးလျက်ရှိရာ ယခုအချိန်အထိ ထုတ်ချေးငွေမှာ ကျပ်သိန်းပေါင်း ၂၀၀၀၀ ခန့်ရှိနေပြီဖြစ်သည်။

ယခုအခါ ဖေဖော် ဝါရီ ၁ ရက်မှ စတင်ပြီး အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ အထိ အာမခံ ပစ္စည်းပေးစရာမလိုဘဲ ထုတ်ချေးသွားရန် စီစဉ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အသေးစား ချေးငွေများကိုရယူပြီး မိမိတို့၏ဝင်ငွေ တိုးတက်ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ကိုင်နိုင်တော့မည် ဖြစ်သည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ထမင်းဆိုင်လုပ်ငန်းနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများပါဝင်ပြီး အမှန်တကယ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများသည် ချေးငွေကို အလွန်သက်သာသောအတိုးနှုန်းဖြစ်သည့် ၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးကာ စီးပွားရေးလုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ် (Public Digital Library Service)၏ e-Book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာရေးဆရာကြီး ဆရာမကြီးများသို့ ပန်ကြားချက်

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်အား တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့် မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်များတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Public Digital Library Service သည် အင်တာနက်မလိုဘဲ Laptop ကွန်ပျူတာများ၊ iPad, Tablet, Android ဖုန်းများနှင့် Netbook များဖြင့် စက်တည်ရှိရာနေရာမှ အတားအဆီးမရှိလျှင် ၆၅၀ မီတာ ပတ်လည်အတွင်း WIFI စနစ်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Public Digital Library Service ၌ ထည့်သွင်းမည့် စာအုပ်များတွင် **ဖတ်ရှု၍ရရုံစနစ် (Read Only) စာအုပ်များနှင့် Soft Copy ကိုရယူနိုင်သည့်စနစ် (Download)** စာအုပ်များတို့ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာအုပ်များကို Public Digital Library Service အတွက် ထည့်သွင်းဖော်ပြလိုပါသဖြင့် စာပေဒါနအဖြစ် အလှူခံလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက် ၁၀၀ ကို ၂၀၁၆ ခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ စာရေးဆရာကြီး ဆရာမကြီးများအနေဖြင့် ၂၀၀၅ ခုနှစ်နှင့် မတိုင်မီက ထုတ်ဝေခဲ့သော **မိမိတို့၏ စာအုပ်များကို အသုံးပြုခွင့် ပြု /မပြုနှင့် Read Only သာ ခွင့်ပြုနိုင်မည် သို့မဟုတ် Download ပါ အသုံးပြုခွင့်ပေးနိုင်မည်**တို့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အရောက် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လောလောဆယ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းထုတ်ဝေသော စာအုပ်များကို ထည့်သွင်းဖော်ပြဦးမည် မဟုတ်သေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြို့နယ်ပြန်/ဆက် ရုံးများမှလည်း စာရေးဆရာကြီး ဆရာမကြီးများနှင့် ဆက်သွယ်၍ သဘောထားရယူတောင်းခံသွားမည် ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်အချိန်ကာလအတွင်း အဆက်အသွယ်မရရှိပါက ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့စာအုပ်များ လှူဒါန်းလိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အရောက် ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(၁) မြန်မာနိုင်ငံစာရေးဆရာအသင်း
၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊
ရန်ကုန်မြို့။

(၂) ဒေါက်တာဒေါ်သီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၀၂၁၊ ၀၉-၈၆၀၂၁၈၈၊
thidahlaing 009 @gmail.com

(၃) ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဖုန်း-၀၁- ၂၅၁၅၇၅၊ ၀၉-၄၃၀၈၅၀၄၄
mmmmm.6708 @ gmail.com

(၄) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇

(၅) ဦးတင်သန်းဝင်း၊ ညွှန်ကြားရေးမှူး(ပြန်ဆက်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၁၆၄၊ ၀၉-၄၇၀၅၀၀၃၃

(၆) ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး(သုတေသန)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၉-၈၃၀၅၇၆၄
myintkyaw103@gmail. com

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံတကာသတင်း

လက်ဘနွန်မြို့တော်၌ အသေခံကားဗုံးခွဲတိုက်ခိုက်

လက်ဘနွန် ဖေဖော်ဝါရီ ၄

လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်တောင်ပိုင်းခရိုင်တစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ချောင်အီဖတ်ခရိုင်၌ ရုံးဆင်းရုံးတက်အချိန်တွင် မီနီဘတ်စ်ကားတစ်စီးအတွင်း ဖောက်ခွဲရေးပစ္စည်းများတင်ပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်ပြည်ထဲရေးဝန်ကြီးကပြောသည်။ ယင်းဒေသသည် ခရစ်ယာန်အများစု နေထိုင်ရာဒေသဖြစ်သည်။

မြို့တော်ဘေရွတ်၌ တင်းမာမှုများမြင့်တက်လာပြီးနောက် မကြာမီသီတင်းပတ်များက ဗုံးခွဲတိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ဖောက်ခွဲရေးပစ္စည်းများခါးတွင်ပတ်ပြီး ကား အတွင်း ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး မာဝမ်ချာဘယ်က လက်ဘနွန်ချန်နယ်မာယာဒင်းသို့ ပြောသည်။ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးတစ်ဦးသေဆုံးသွားခဲ့ကြောင်း၊ အသေခံဗုံးခွဲသူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရသေးကြောင်း ၎င်းကပြောသည်။

ပေါက်ကွဲမှုအတွင်း အနည်းဆုံးအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း လက်ဘနွန်ကြက်ခြေနီက ပြောသည်။ စစ်တပ်က ပေါက်ကွဲရာနေရာ၌ ချက်ချင်းလုံခြုံရေးချထားလိုက်ပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ ယင်းတိုက်ခိုက်မှုသည် မည်သည့်အတွက် ပစ်မှတ်ထား တိုက်ခိုက်သည်ကို ချက်ချင်းမသိရသေးဟုဆိုသည်။ ယင်းတိုက်ခိုက်မှုသည် လက်ဘနွန်မြောက်ပိုင်း ဆီးရီးယားနယ်စပ်အနီး ဟစ်ဇ်ဘိုလာခံတပ်ကို ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံးသည့်ဖြစ်ရပ်ဖြစ်ပွားပြီး သုံးရက်အကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

ငြိမ်းချောက်မှု အဆုံးသတ်ရန် ယူကရိန်း အတိုက်အခံကို ရုရှားက ဆော်သြ

မော်စကို ဖေဖော်ဝါရီ ၄

ယူကရိန်းအတိုက်အခံခေါင်းဆောင်များအား ခြိမ်းခြောက်မှုများ အဆုံးသတ်ပြီး အစိုးရနှင့်ညှိနှိုင်းရေးပြုလုပ်ရန် ရုရှားက သတိပေးလိုက်သည်။

ယူကရိန်းတက်ကြွလှုပ်ရှားသူများ၏ ခြိမ်းခြောက်နေမှုသည် စိုးရိမ်စရာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနက ပြောကြားသည်။ ကိယက်ဗ်မြို့၌ ဆန္ဒပြသူများသည် လေးရက်ကြာနာမကျန်းဖြစ်ပြီးနောက် အလုပ်သို့ပြန်လည်ဝင်ရောက်လာသော သမ္မတဗစ်တာယာနူကိုဗစ်ချ်အား နုတ်ထွက်ပေးရန် ဆက်လက်ဆော်သြလျက်ရှိသည်။

အီးယူနှင့် အမေရိကန်တို့သည် ယူကရိန်းနိုင်ငံ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးကိုကူညီပေးရန် ချေးငွေအမြောက်အမြား ထုတ်ချေးရန်စဉ်းစားနေသည်။ မိမိတို့အနေဖြင့် ယူကရိန်းနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြန်လည် ကောင်းမွန်လာစေရန် ယူကရိန်းနိုင်ငံ၏ အကျပ်အတည်းကို မည်သို့မည်ပုံကူညီပေးရမည်ဆိုသည်ကို စဉ်းစားနေကြောင်း အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ပြောရေးဆိုခွင့်ရှိသူ ကက်သရင်းအက်ရှ်တန်က ပြောသည်။

(ဘီဘီစီ)

ဗဟိုအာဖရိကသမ္မတနိုင်ငံ ဘိုဒါမြို့၌ တိုက်ခိုက်မှုဖြစ်ပွား၍ ၇၅ ဦး သေဆုံး

ဘင်ဂွီး ဖေဖော်ဝါရီ ၄

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ကြာသပတေးနေ့ကတည်းက တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၇၅ ဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူက ပြောကြားသည်။ မွတ်စလင်နှင့် ခရစ်ယာန်တို့အကြား ယခုကဲ့သို့ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို ရပ်တန့်ပြီးဆုံးသွားရန် အကူအညီများ လိုအပ်နေသည်ဟု ဘုန်းတော်ကြီးက ပြောသည်။ ၎င်းကသေဆုံးသူအများစုမှာ ခရစ်ယာန်များဖြစ်ပြီး မွတ်စလင်သေဆုံးသူများကို တိုက်ခိုက်မှုပြီးပြီးချင်း မြေမြှုပ်သင်္ဂြိုဟ်ကြသဖြင့် သေဆုံးသူအရေအတွက်ကိုမသိရကြောင်း ပြောကြားသည်။

ပြီးခဲ့သည့်လက မြို့တော်ဘင်ဂွီး၌ မွတ်စလင်တိုက်ခိုက်ရေးသမားများ ပြန်လည်ရုပ်သိမ်းသွားပြီးကတည်းက ယခုကဲ့သို့ လက်စားချေတိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားရခြင်းမှာ ကြားဖြတ်သမ္မတ နုတ်ထွက်သွားမှုကြောင့်ဖြစ်သည်။

ဘင်ဂွီးမြို့၌ ငြိမ်းချမ်းရေးသံတမန်ရောက်ရှိပြီးနောက် ဒေသလုံခြုံရေး ပိုမိုတိုးတက်ကောင်းမွန်လာခဲ့သော်လည်း အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်မူ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။ **(ဘီဘီစီ)**

အာဖရိက ဆာဟာရခါးပတ်ဒေသနိုင်ငံများ ပြည်သူ သန်း ၂၀ စားနပ်ရိက္ခာအကျပ်အတည်းကြုံ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၄

အာဖရိက ဆာဟာရခါးပတ်ဒေသတစ်ဝန်း ပြည်သူ သန်း ၂၀ အတွက် စားနပ်ရိက္ခာဖြည့်ဆည်းပေးရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် လိုအပ်နေကြောင်း၊ ယင်းတို့တွင် ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတို့လည်း ပါဝင်ကြောင်း ကုလသမဂ္ဂက မေတ္တာရပ်ခံပြောကြားလိုက်သည်။

အဆိုပါ ဒေသတွင်းနိုင်ငံများ၌ ပဋိပက္ခများဖြစ်ပွားနေခြင်းနှင့်အတူ စားနပ်ရိက္ခာအကျပ်အတည်းမှာလည်း ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။ ယင်းဒေသသည် အတ္တလန္တိတ်သမုဒ္ဒရာအရှေ့ပိုင်းမှ ပင်လယ်နီအထိ ကျယ်ပြန့်သည်ဟု ဆိုသည်။ အလှူရှင်များက ၂၀၁၃ ခုနှစ်တွင် ဆာဟာရဒေသအတွက် ကုလသမဂ္ဂက မေတ္တာရပ်ခံတောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၆၀ ရာခိုင်နှုန်းသာပေးနိုင်သည်ဟု ဆိုသည်။

ဆာဟာရသနိုင်ငံများသည် ဆာဟာရသဲကန္တာရ တောင်ပိုင်းနိုင်ငံများ ဖြစ်ကြသည်။ ယင်းနိုင်ငံများတွင် မော်ရစ်သျှ၊ ဂမ်ဘီယာ၊ မာလီ၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယား၊ ဘာကီနာဖာဆို၊ ဆီနီဂေါနှင့် ကင်မရွန်းနိုင်ငံတို့ ပါဝင်ကြသည်။ အဆိုပါနိုင်ငံများ၌ မရေမတွက်နိုင်သောဒေသများ အစားအစာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား အိန္ဒိယသမ္မတနိုင်ငံ နာဂလန်းပြည်နယ်ဝန်ကြီးချုပ် H.E.Mr. Neiphiu Rio ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်နိုင်ငံနယ်နိမိတ်အတွင်းတည်ရှိနေသော နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကို ဆက်လက်ဆောင်ရွက်သွားမည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့ မွန်းတည့် ၁၂ နာရီတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **"နိုင်ငံထူထောင်ရေးနှင့် အနုပညာပါဝင်အကျိုးသက်ရောက်မှု လေ့လာချက်စာတမ်း"** ခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်စကားပြောကြားကာ စာရေးသူ ဆရာဒေါက်တာချစ်စံ (ချစ်စံဝင်း)က အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဇုန်လှယ်ထန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးမိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာမြဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က **"နိုင်ငံထူထောင်ရေးနှင့် အနုပညာပါဝင်အကျိုးသက်ရောက်မှုလေ့လာချက်စာတမ်း"** အကြောင်းအရာနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စာတမ်းရှင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက် ညတို့တွင် တရားပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆နာရီတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများအဖြစ် ဖေဖော်ဝါရီ ၁၁ ရက် ညတွင် ရွှေမြင့်မိုရ်အငြိမ့်၊ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက် ညတို့တွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲနှင့် ဖေဖော်ဝါရီ ၁၄ ရက်ညတွင် မြန်မာ့ဆိုင်းဝိုင်းနှင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်၍ ပါဝင်လှူဒါန်းကုသိုလ်ပြုလိုကြသည့် စေတနာရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ဆွေဆွေနိုင်(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ထမနဲလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလတွင် ကျင်းပမြဲဖြစ်သော ထမနဲပွဲတော်အား စေတီတော်ဂေါပကအဖွဲ့က ဘာသာရေးအနှစ်သာရပြည့်ဝစွာ ကျင်းပမည်ဖြစ်သည်။

တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁၄ ရက်)(သောကြာနေ့)နံနက် ၆ နာရီခွဲတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ဘုရားအမှူးရှိသော သံဃာတော် ၈၁ ပါးတို့အား ထမနဲနှင့် ဆွမ်းဆန်တော်များလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း

နယ်လှည့်ဆေးကုသယာဉ်မှ ကုသမှုအထောက်အကူပြုပစ္စည်း။

▲ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အဆိုပါဝန်ကြီးဌာန၌ ကျင်းပသော နယ်လှည့်ဆေးကုသယာဉ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"ဒီကနေ့ဟာဖြင့် အလုပ်သမားထုအတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့လို့ ဆိုရမှာပါ။ အလုပ်သမားထုတစ်ရပ်လုံးအတွက် စိတ်နှလုံးချမ်းမြေ့စေလိုသော ဆန္ဒနဲ့ တွေးခေါ်စဉ်းစားစရာအနေနဲ့ ဒီအစီအစဉ်ဖြစ်လာတာဖြစ်ပါတယ်။ ဒီအစီအစဉ်က လူမှုဖူလုံရေးအဖွဲ့နဲ့ သုခမင်္ဂလာဆေးခန်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ စမ်းသပ်ကာလ သုံးလ ဆောင်ရွက်မှာဖြစ်ပါတယ်။ အောင်မြင်မယ်လို့လည်း မျှော်လင့်ထားပါတယ်" ဟု အဆိုပါဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ပြောကြားသည်။

အဆိုပါ နယ်လှည့်ဆေးကုသယာဉ်(Mobile Medical Unit)ဖြင့် ယခုလ ဖေဖော်ဝါရီလဆန်းပိုင်းမှ လုပ်ငန်းစတင်မည်ဖြစ်ပြီး ပထမဆုံးအနေဖြင့် ရန်ကုန်မြို့ရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော လူမှုဖူလုံရေး အာမခံအလုပ်သမားများအား သွားရောက်ဆေးကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထိုမှဆက်လက်၍ ရန်ကုန်မြို့အနီးဝန်းကျင်ဒေသများဖြစ်သည့် ထောက်ကြန့်၊ သန်လျင်၊ ပဲခူးစသော ဒေသများသို့ သွားရောက်ကာ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ထိုမှဆက်လက်၍ တစ်နိုင်ငံလုံးတွင် ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနယ်လှည့် ဆေးကုသယာဉ်ပေါ်တွင် ECG စက်၊ ဒစ်ဂျစ်တယ် X-ray စက်များပါရှိပြီး အကြီးစားခွဲစိတ်ကုသမှုမှလွဲ၍ ရောဂါအတော်များများ စစ်ဆေးကုသနိုင်မည်ဖြစ်သည်။ ဆေးကုသယာဉ်နှင့်အတူ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ သူနာပြုအကူနှစ်ဦး၊ ဆေးဝန်ထမ်းနှစ်ဦး၊ ဓာတ်ခွဲကျွမ်းကျင်နှစ်ဦးနှင့် X-ray ပညာရှင်တစ်ဦး လိုက်ပါကာ လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းအပြည့်အစုံတင်ဆောင်ကာ နယ်လှည့်ဆေးကုသခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆေးကုသယာဉ်ပေါ်တွင်လိုက်ပါမည့် ဆရာဝန်နှင့် သူနာပြုများသည် လူမှုဖူလုံရေးအဖွဲ့မှဖြစ်ပြီး ဆေးဝါးကျွမ်းကျင်နှင့် ဆေးပစ္စည်းများ၊ ဆေးများမှာ သုခမင်္ဂလာကုမ္ပဏီမှဖြစ်သည်။ အလုပ်သမားများအား ဆေးကုသကုန်ကျစရိတ်များကို သုခမင်္ဂလာဘက်မှ စိုက်ထားပြီး လူမှုဖူလုံရေးမှ ပြန်လည်တောင်းခံရန်စီစဉ်ထားသည်။ ယင်းအစီအစဉ်သည် အစမ်းကာလ သုံးလ ဆောင်ရွက်မည်ဖြစ်သော်လည်း စာချုပ်မှာ ခြောက်လချုပ်ဆိုထားသည်။ အစမ်းကာလသုံးလပြီးသည်နှင့် Review ပြန်လည်လုပ်ဆောင်သွားရန် စီစဉ်ထားသည်။

လူမှုဖူလုံရေးစီမံကိန်း၏ ရည်ရွယ်ချက်အရ အာမခံအလုပ်သမားများသည် မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်တွင်ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မည်သည့်အကြောင်းကြောင့်မဆို မသန်မစွမ်းဖြစ်ခြင်း၊ သက်ပြည့်အငြိမ်းစားခံစားခြင်း စသည့်အချိန်များတွင် ဆေးကုသမှုပေးခြင်း၊ ငွေကြေးခံစားခွင့်ပေးခြင်းအပြင် အိမ်ရာပိုင်ဆိုင်ခွင့်နှင့် နေထိုင်ခွင့်များကိုပါ ရရှိစေခြင်းတို့ဖြစ်ပါသည်။

လူမှုဖူလုံရေး ဥပဒေသစ်ကို လာမည့် ဧပြီ ၁ ရက်မှ စတင်အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ဥပဒေသစ်အရ အာမခံစနစ်ငါးမျိုးထားရှိနိုင်ကြောင်း သိရသည်။ ယင်းတို့မှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်(မိသားစုထောက်ပံ့မှုအာမခံစနစ်)၊ အလုပ်တွင်ထိခိုက်မှု အာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ပြည့်အငြိမ်းစားနှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်နှင့် အခြားလူမှုဖူလုံရေးစနစ်(အိမ်ရာစီမံကိန်း)တို့ဖြစ်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ အလုပ်သမားများအကျိုးကို ရှေးရှုလျက် နယ်လှည့်ဆေးကုသယာဉ်ကို ထူထောင်ဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် အလုပ်သမားများ ဥပဒေသစ်နှင့်အညီ အကျိုးခံစားခွင့်များ ပိုမိုရရှိလာပြီး ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုများ ရရှိလာတော့မည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဖြုတ်ခွဲကျေးရွာအုပ်စု ဖြုတ်ခွဲကျေးရွာ ရွာတွင်းလမ်းအရှည် ၀ ဒသမ ၄၂ မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေ ရိစာခင်းခြင်းလုပ်ငန်းနှင့် Box Culvert နှစ်ခုတည်ဆောက်ခြင်းလုပ်ငန်း၊ ဖြုတ်ခွဲကျေးရွာနှင့် ကြံတဲစုကျေးရွာတို့အထိ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်း အရှည် ၀ ဒသမ ၄၂ မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေ ရိစာခင်းခြင်းလုပ်ငန်းနှင့် Box Culvert သုံးခုတည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီတွင် ကွင်းဆင်းကြည့်ရှု၍ **(အောက်ပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လမ်းရိစာခင်းခြင်းလုပ်ငန်းများနှင့် Box Culvert လုပ်ငန်းများအား ဇန်နဝါရီ ၃၁ ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ လူထုအကူအညီရယူ၍ တွံတေးနှင့်လှိုင်သာယာတို့၌ ကျူးကျော်တဲအိမ်များဖယ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်ကျူးကျော်နေမှုများအား တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူလူထုအကူအညီရယူ၍ တွံတေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် သက်ဆိုင်ရာမှ စနစ်တကျဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြီးလေးကြီးလမ်းဝဲ/ယာတွင် တပ်မတော်ကျောင်းသုံးကျောင်းပိုင်မြေပေါ်ရှိ ကျူးကျော်တဲအိမ် ၄၀၄ လုံးခန့်ကို သက်ဆိုင်ရာမှ ဆက်လက်ဖယ်ရှားရှင်းလင်းခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေမဲ့ဆောင်ရွက်နေမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၆ နာရီခွဲမှ စတင်၍ ကျူးကျော်တဲ အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ကျူးကျော်တဲအိမ် ၄၀၄ လုံးခန့်ကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်းနှင့် ဥပဒေမဲ့ တရားမဝင်ကျူးကျော်နေထိုင်မှုများအား ဥပဒေနှင့်အညီ ဆက်လက်ဖယ်ရှားသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရင့်နောင် လှိုင်မြစ်ကူးတံတားအဆင်း၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (ဘုရင့်နောင်တံတား) လှိုင်မြစ်ကူးတံတားအဆင်း၌ ယနေ့ နံနက် ၈ နာရီခန့်က ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီက ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ၃ခ/---(အစိမ်းရောင်)ရန်ကုန်မြို့တော် စည်ပင်သာယာရေးပိုင် အမှိုက်သိမ်းယာဉ်သည် မရမ်းကုန်းမြို့နယ်ဘက်အခြမ်း (ဘုရင့်နောင်တံတား) လှိုင်မြစ်ကူးတံတားအဆင်းတွင် ငွေမင်ရောင်(မ)စီး စက်ဘီးစီးနင်းလာသော ကိုနေလင်း (၂၅ နှစ်) မီးခွက်ဈေး လှိုင်သာယာမြို့နယ်နေသူကို အရှိန်ဖြင့်တိုက်မိသဖြင့် အခင်းဖြစ်နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းသူမှာ ယာဉ်ကိုရပ်တန့်ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားသော်လည်း အလုံမြို့နယ် စည်ပင်သာယာဝင်း လိုင်းအမှတ်(၂) နေ နေသူရဦး (၂၂ နှစ်) ဖြစ်ကြောင်း မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးက သိရသည်။

မရမ်းကုန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၁၅) ရဲအုပ်ဝင်းငွေက ယာဉ်ကို ပေါ့ဆစွာမောင်းနှင်မှုကြောင့် လူကိုသေဆုံးသွားစေသူ ယာဉ်မောင်း နေသူရဦးအပေါ် တိုင်ကြားလျှောက်ထားကြောင်းနှင့် ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြင်အောင်ကြည့်စေလိုပါသည်

စံရွှေတိုး (သုတေသန)

မကြာသေးမီက တန်ဖိုးကြီးမော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးမှု မြင်တွေ့ခဲ့ရသည်။ စိတ်ဝင်စားစွာလေ့လာကြည့်သောအခါ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း မော်တော်ကားမီးလောင်မှုပေါင်း ၇၁ မှု ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ မော်တော်ယာဉ်မီးလောင်မှုများ ဖြစ်ပွားခဲ့သည်ကို ထပ်မံလေ့လာကြည့်မိသည်။

ဖြစ်ပွားခဲ့ဖူးသော မော်တော်ယာဉ်မီးလောင်မှုများ၏ အကြောင်းအရင်းများမှာ ဖော်ပြပါအတိုင်း မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်-

(၁) ဘက်ထရီငုတ်ချောင်နေခြင်း သို့မဟုတ် ဘက်ထရီငုတ်ဆားပွင့်များ တက်နေခြင်းအား ထိန်းသိမ်းမှုမရှိသဖြင့် လျှပ်စီးမှု ပုံမှန်မဖြစ်ဘဲ အပူချိန်မြင့်တက်လာခြင်း၊

(၂) လောင်စာဆီ သို့မဟုတ် ဓာတ်ငွေ့ယိုစိမ့်ခြင်း၊ လောင်စာပိုက်ပြုတ်ထွက်ခြင်း၊

(၃) အင်ဂျင်အပူချိန်မြင့်တက်လာခြင်း၊

(၄) ဝိုင်ယာရိန်းဆက်သွယ်မှုမှားယွင်းခြင်း၊

(၅) ဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်နေခြင်း၊

(၆) ဝိုင်ယာကြိုးများ ပြန်လည်ပြုပြင်ရာတွင် မူလအရည်အသွေးမမီခြင်း၊

(၇) မော်တော်ယာဉ် မူလတည်ဆောက်စဉ်ကပင် ချွတ်ယွင်းအားနည်းမှုရှိခြင်း၊

(၈) ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုမှ မီးလောင်ခြင်း၊

ပျက်စီးဆုံးရှုံးမှု အနည်း၊ အများ နှိုင်းယှဉ်ချက်

မော်တော်ယာဉ်များမီးလောင်မှုဖြစ်ပွားသည့် အခြေအနေကို ဆန်းစစ်ကြည့်သောအခါတွင်လည်း ရပ်တန့်ထားချိန်တွင်ဖြစ်စေ၊ ခရီးတိုသွားလာချိန်တွင်ဖြစ်စေ၊ ခရီးဝေးမောင်းနှင်ချိန်တွင်ဖြစ်စေ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ မိမိနှင့်ယာဉ်ပေါ်ပါသူများ၏ စွမ်းဆောင်နိုင်မှုရှိသော အခြေအနေ၊ စွမ်းဆောင်နိုင်မှုမရှိသော အခြေအနေ၊ ပတ်ဝန်းကျင်အကူအညီရရှိနိုင်သော အခြေအနေ၊ မရရှိနိုင်သော အခြေအနေ၊ မီးသတ်တပ်ဖွဲ့၏ အကူအညီ အချိန်တိုအတွင်း ရရှိနိုင်သော အခြေအနေ၊ မရရှိနိုင်သောအခြေအနေ စသည့်အကြောင်းအမျိုးမျိုးရှိပေမည်။

မည်သို့ပင်ဆိုစေ မီးလောင်မှုစတင်သည်ကိုသိရှိသည်နှင့် မိမိနှင့်ယာဉ်ပေါ်တွင် လိုက်ပါလာသူများ၏ စွမ်းဆောင်နိုင်မှုမှာ ပျက်စီးဆုံးရှုံးခြင်း အနည်းအများကို အဓိကသက်သေပြုပေလိမ့်မည်။ ဤနေရာတွင် ကြိုတင်ပြင်ဆင်မှုအပိုင်းသည် လွန်စွာအရေးကြီးကြောင်း ထင်ရှားလာပေသည်။ မီးငြိမ်းသတ်ရေးအပိုင်းကို စွမ်းဆောင်နိုင်မှုမှာ လက်ချည်းသက်သက်ဖြင့်မရနိုင်။ ထိရောက်သော၊ အစွမ်းထက်သော၊ မီးငြိမ်းသတ်ရေးပစ္စည်းလိုလာသည်။ ဖြစ်ပွားခဲ့ဖူးသော မော်တော်ကားမီးလောင်မှုဖြစ်ရပ်နှစ်ခုဖြင့်ချိန်ထိုး၍ နှိုင်းယှဉ်ကြည့်ပါမည်။

ဖြစ်ရပ်(၁)၏ ဖြစ်စဉ်အကျဉ်းမှာ ၁၁-၁၀-၂၀၁၃ ရက် ည ၈ နာရီ ၁၅မိနစ်တွင် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော Super Roof အမျိုးအစား မော်တော်ယာဉ်သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ပြည်လမ်း မေဖလားဝါးဘဏ်ရှေ့တွင် ဘက်ထရီခေါင်းချောင်နေခြင်းကြောင့် လျှပ်စီးမှု ပုံမှန်မဖြစ်ဘဲ မီးလောင်မှုဖြစ်ပွားစဉ် ယာဉ်ပေါ်ပါသော D.C.P ဓာတုဗေဒ ပေါင်ဒါမှုန့် မီးသတ်ဆေးဘူး 2 Kg ဖြင့် ငြိမ်းသတ်ရာ လျင်မြန်စွာငြိမ်းသတ်နိုင်ခဲ့သည်။ ဝိုင်ယာကြိုး အနည်းငယ်မီးလောင်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၅၀၀၀ သာရှိခဲ့သည်။ ကြိုတင်ပြင်ဆင်၍ စွမ်းဆောင်နိုင်သောကြောင့် ရလဒ်ကောင်းသာဓကတစ်ခု ဖြစ်ပေသည်။

ဖြစ်ရပ်(၂)၏ ဖြစ်စဉ်အကျဉ်းမှာ ၁၃-၉-၂၀၁၃ ရက် ည ၁၀ နာရီ ၁၂မိနစ်ခန့်တွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်းမကြီး အလက(၃)ကျောင်းအနီး၌ Probox အမျိုးအစား(အဖြူရောင်)ယာဉ်သည် ဘက်ထရီမိန်းကြိုးနှင့် ဘောနက်ဖုံးအပ်မိရာမှ မီးလောင်မှုစတင်ခဲ့သည်။ ယာဉ်ပေါ်တွင် မီးသတ်ဆေးဘူးမပါ၊ ကြိုတင်ပြင်ဆင်မှုအားနည်းသဖြင့် တဖြည်းဖြည်းမီးလောင်မှုကျယ်ပြန့်လာရာ တာမွေမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး ရောက်ရှိငြိမ်းသတ်မှ မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့်ရှေ့တာယာနှစ်လုံး၊ နောက်တာယာနှစ်လုံး၊ အပိုတာယာတစ်လုံး၊ ကူရှင်များ၊ လေကာမှန်တို့ပျက်စီးဆုံးရှုံးကာ ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။ ပျက်စီးဆုံးရှုံးနိုင်မှုကို မြင်အောင် မကြည့်ခဲ့သောကြောင့် ကြိုတင်ပြင်ဆင်နိုင်မှုလည်းမရှိဘဲ မီးလောင်မှုသည် အချိန်တိုအတွင်း တဖြည်းဖြည်းကြီးမားကျယ်ပြန့်သွားခဲ့သည်။ အထက်ပါဖြစ်ရပ်နှစ်ခုကဲ့သို့သော ဖြစ်စဉ်များမြောက်မြားစွာရှိသည်။ ဤနှိုင်းယှဉ်ချက်မှ သင်ခန်းစာဖော်ထုတ်ပါက မီးလောင်မှုကြီးမားကျယ်ပြန့်ခြင်း မရှိအောင် အချိန်တိုအတွင်း ငြိမ်းသတ်ပေးနိုင်သည့် မီးသတ်ဆေးဘူး၏ စွမ်းပကားကိုလည်း နားလည်သိရှိရန် လိုအပ်လာပါသည်။

(D.C.P) ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဘူးဆိုသည်မှာ

(Dry Chemical Powder)ဓာတုဗေဒပေါင်ဒါမှုန့်မီးသတ်ဘူး၏ ဖွဲ့စည်းတည်ရှိမှုမှာ မီးသတ်ဘူး၏ (Cylinder) အတွင်းတွင် သတ်မှတ်ပမာဏအတိုင်း (Sodium Bicarbonate) ကဲ့သို့ အမှုန်များနှင့် ဓာတ်ပြုစွမ်းအားနည်းသော (Inert gas) ဓာတ်ငွေ့ကို ဖိအားဖြင့် ထည့်သိုထားပါသည်။ ဓာတ်ငွေ့တည်ရှိမှုသည် အသုံးပြုနိုင်သော အခြေအနေရှိ/မရှိကို ဖိအားပြဒိုင်ခွက်၏ အစိမ်းရောင်အမှတ်တွင် ညွှန်တံရှိနေခြင်းဖြင့် စစ်ဆေးနိုင်သည်။ ဓာတုဆေးမှုန့် သတ်မှတ်ပမာဏအရ (2 Kg) မှ (50 Kg) အထိ အမျိုးအစားစုံစွာရှိသည်။ မီးငြိမ်းစေသော စွမ်းဆောင်ချက်မှာ မီးတောက်၏အောက်ခြေသို့ဆေးမှုန့်များအား မီးလောင်ကျယ်ပြန့်နေသည့်ပမာဏကို လွှမ်းခြုံနိုင်သည်အထိ ပက်ဖျန်းပေးပါက မီးလောင်မှုသို့ အောက်ဆီဂျင်ဝင်ရောက် ဓာတ်တိုးနေမှုကို ဖုံးအုပ်ဖြတ်တောက်၍ မီးငြိမ်းစေသည်။ ငြိမ်းသတ်နိုင်သော မီးလောင်မှုများမှာ သစ်၊ ဝါး၊ ခနိ စသည်များ၊ ဒီဇယ်၊ ဓာတ်ဆီကဲ့သို့ ရေနံထွက်ပစ္စည်းများ၊ ဂက်စ်မီးဖိုသုံးပြူတိန်းကဲ့သို့ ဓာတ်ငွေ့မီးလောင်မှုများ၊ လျှပ်စစ်မီးလောင်မှုများကို ထိရောက်စွာ ငြိမ်းသတ်နိုင်သည်။ ထို့ကြောင့် မော်တော်ယာဉ်များ၊ လူနေအိမ်များနှင့်လုပ်ငန်းဌာနများတွင် မရှိမဖြစ် ရှိမှဖြစ်မည့်ပစ္စည်းဖြစ်ကြောင်း အကြံပြုလိုပါသည်။

အချို့အကြောင်းတရားများသည် သိရုံသာသိရန်လိုသည်။ အချို့ကား သိရုံမျှဖြင့်မလုံလောက်၊ နားလည်ရန်လိုသည်။ အချို့မှုကား နားလည်ရုံမျှမက လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ မီးဘေးလုံခြုံမှုဟူသည် သိမြင်နားလည်ရုံမျှမက လိုက်နာကျင့်သုံးရမည်ဟု ယုံကြည်ပါသည်။

နည်းလမ်း(၃)သွယ်

မီးသတ်ဦးစီးဌာနသည် မီးလောင်မှုများမဖြစ်ပွားစေရေး၊ ဖြစ်ခဲ့လျှင်လည်း ဆုံးရှုံးမှုလျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ရှေးဦးမီးငြိမ်းသတ်ရေးနှင့် မီးဘေးလုံခြုံမှုဆိုင်ရာအသိပညာဗဟုသုတများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန် နည်းလမ်းသုံးသွယ်ဖြင့် မူဝါဒချမှတ်ဆောင်ရွက်နေသည်-

(၁) ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ချပြ ရှင်းလင်းဆွေးနွေး စည်းရုံးပညာပေးကြပ်မတ်ခြင်းနည်းလမ်းကို အကောင်အထည်ဖော်ရာတွင် အဓိကအားဖြင့် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးအစီအစဉ် (School Based Fire Safety Education Program) အဖြစ် စာသင်ကျောင်းများတွင် လည်းကောင်း၊ ရပ်ရွာအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးအစီအစဉ် (Community Based Fire Safety Education Program) အဖြစ် မြို့နယ်များတွင်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

(၂) သတင်းမီဒီယာများမှတစ်ဆင့် ရေးသားထုတ်လွှင့်ပြသခြင်းနည်းလမ်းကို အထူးသဖြင့် အဆောက်အအုံတိုင်း မော်တော်ယာဉ်တိုင်း၊ ရေယာဉ်တိုင်းတွင် မီးသတ်ဆေးဘူးအပါအဝင် မီးဘေးလုံခြုံမှုဆိုင်ရာ ပစ္စည်းကိရိယာများ ထားရှိရေးအတွက် ပညာပေးစည်းရုံးခြင်း အစီအစဉ်များအား သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်များမှ ရေးသားထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်နေသည်။

(၃) လုပ်ငန်းရှင်များနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်းကို လုပ်ငန်းရှင်များမှ မီးသတ်ဆေးဘူးအပါအဝင် မီးဘေးလုံခြုံမှုဆိုင်ရာ ပစ္စည်းကိရိယာများ ထုတ်လုပ်တင်သွင်းရောင်းချရာတွင် ပစ္စည်းစံချိန်စံညွှန်းစစ်ဆေးခြင်း၊ အဆိုပါပစ္စည်းများ၏ အကျိုးသက်ရောက်မှုကို ပြည်သူများသိရှိစေရန် ဆောင်ရွက်ခြင်း၊ ဈေးနှုန်းကြီးမြင့်မှုမရှိစေရန် ကြပ်မတ်ခြင်းတို့ ဆောင်ရွက်နေပါသည်။

မသိနားမလည်ခြင်းကိုချေမှုန်း၍

မသိနားမလည်ခြင်းဟူသည် သိအောင်မပြောသော အားနည်းချက်နှင့် မြင်အောင်မကြည့်သော အားနည်းချက် နှစ်ဖက်စလုံးနှင့်သက်ဆိုင်ပေလိမ့်မည်။ သိအောင်ပြောသောအခါ မှန်သည်မှားသည် ဉာဏ်မျက်စိဖြင့် ဝေဖန်စိစစ်၍ မြင်အောင်ကြည့်ရပေမည်။ အချို့အကြောင်းတရားများသည် သိရုံသာသိရန်လိုသည်။ အချို့ကား သိရုံမျှဖြင့်မလုံလောက်၊ နားလည်ရန်လိုသည်။ အချို့မှုကား နားလည်ရုံမျှမက လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ မီးဘေးလုံခြုံမှုဟူသည် သိမြင်နားလည်ရုံမျှမက လိုက်နာကျင့်သုံးရမည်ဟု ယုံကြည်ပါသည်။ မီးဘေးလုံခြုံမှုမရှိခြင်းသည် ဥစ္စာပစ္စည်းများဆုံးရှုံးမှုနှင့် အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်မှု အချိန်မရွေးကျရောက်နိုင်ပေသည်။ ပြည်သူများအနေဖြင့် အရာခပ်သိမ်းကို မြင်အောင်ကြည့်ကာ မသိနားမလည်ခြင်းကိုချေမှုန်း၍ မြူတိမ်ကင်းသော နေမင်းကဲ့သို့ ထွန်းလင်းနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် စီမံကိန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပိုလ်တထောင်မြို့နယ် လမ်း(၅၀)ရှိ ကွန်ဒိုမီနီယံစီမံကိန်းနှင့် ဗဟန်းမြို့နယ် လင့်လမ်းရှိ ကွန်ဒိုမီနီယံစီမံကိန်းများသို့ သွားရောက်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ် Quality များ ပြည့်မီစွာဆောင်ရွက်ရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

မကွေးမြို့၌ စာပေဟောပြောပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ စာပေချစ်မြတ်နိုးသူများက စီစဉ်ပြုလုပ်သည့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် ည ၇ နာရီက မကွေးမြို့ အဆင့်မြင့်မြို့တော်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာ အကြည်တော်က လမ်းနှစ်သွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမြတ်သူက ကျွန်တော်နှင့် စာပေစာနယ်ဇင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မျိုးမြတ်သူက သတင်းခေတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကျော်ဝင်းက ကမ္ဘာပြားပြီ ခေါင်းစဉ်ဖြင့်လည်းကောင်း သုတရသစာပေများအကြောင်း ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ မကွေးမြို့နှင့် မင်းဘူးမြို့ပေါ်ရှိ စာပေချစ်မြတ်နိုးသူပြည်သူများ စုစုပေါင်း ၁၆၀၀ခန့် တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရာ လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရ တာမွေမြို့နယ်ရုံး (ပြန်/ဆက်)အား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

အာဟာရရက်သတ္တတစ်ပတ်လုပ်ငန်းဆောင်ရွက် ပုံမှန်ကာကွယ်ဆေးထိုး

ပျဉ်းမနား ဖေဖော်ဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ တောင်သာအုပ်စု အုတ်ကျင်းကျေးရွာတွင် ကျန်းမာရေးဌာနမှ အာဟာရရက်သတ္တတစ်ပတ်လုပ်ငန်းဆောင်ရွက်ခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက အုတ်ကျင်းကျေးရွာ အမှတ် (၁၄၆) အမကဌ ကျင်းပသည်။

ရပ်ကွက် လူမှုရေးအဖွဲ့အစည်းများနှင့်ဒေါ်စန်းမြင့်တို့က ခြောက်လမှ ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေ အားဆေးတိုက်ခြင်း၊ နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများကို Albenda Zole သန်ချဆေးကျွေးခြင်း၊ မွေးပြီးနှစ်လမှ တစ်နှစ်ခြောက်လအထိ ကလေးများကို ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အရည်အသွေးပြည့်ဝသော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု Quality ANd Case ဆောင်ရွက်ခြင်း၊ သားဆက်ခြားခြင်းအတွက် စားဆေးနှင့်ထိုးဆေးများ အခမဲ့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့်လောင်းကစားမှုများပပျောက်ရေး စီမံချက်ရေးဆွဲပြီး အရေးယူလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **မွန်ပြည်နယ်တွင် မူးယစ်အထူးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းရန်၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများနှင့်ချဲဒိုင်များအား ထိရောက်စွာဖမ်းဆီးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မွန်ပြည်နယ်ရဲတပ်ဖွဲ့သို့ ပြည်သူများမှ မူးယစ်ဆေးဝါးမှုခင်းများ၊ လောင်းကစားမှုခင်းများနှင့် အခြားသတင်းများ ပေးပို့တိုင်ကြားနိုင်ရန်အတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် တိုင်ကြားချက်များလက်ခံရန် ဖုန်းများတပ်ဆင်ထားရှိပြီး ၎င်းဖုန်းနံပါတ်များကို ပြည်သူများသိရှိတိုင်ကြားနိုင်ရန်အတွက် အသိပေးကြော်ငြာထားရှိပြီး ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများ၊ လောင်းကစားမှုခင်းများအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဖုန်းနံပါတ်များသို့လည်းကောင်း၊ တိုင်စာများဖြင့်လည်းကောင်း သတင်းပေးပို့တိုင်ကြားလာပါက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ အစီအစဉ်ဖြင့် ဖမ်းဆီးရေးအဖွဲ့များဖွဲ့စည်းပြီး အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့်လောင်းကစားမှုများ ကင်းစင်ပပျောက်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ကြပ်မတ်လျက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး (မိုးကြိုး) စီမံချက်နှင့် လောင်းကစားမှု ပပျောက်ရေးစီမံချက်တို့ရေးဆွဲပြီး အရေးယူလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမတစ်လျှောက် လမ်းဘေးဝဲယာရှိ ဆိုင်ခန်းများအား ဖယ်ရှားပေးပါရန်နှင့် လမ်းဘေးဝဲယာတွင် လူသွားလမ်းပလက်ဖောင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်း (ခရေပင်လမ်းဆုံမှ အမှတ် ၃ လမ်းအထိ) မူလလမ်းဟောင်းမှာ အကျယ် ၄၄ ပေရှိပြီး လမ်းသားပျက်စီးမှု များပြားခြင်း၊ ယာဉ်သွားလာမှု များပြားခြင်းတို့ကြောင့် အကျယ်ပေ ၆၀ အထိ တိုးချဲ့၍ ကွန်ကရစ်အဖြစ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၎င်းအပိုင်းအား အကျယ်ပေ ၆၀ အထိ ကွန်ကရစ်လမ်းဖြင့် လမ်းသားတိုးချဲ့ဆောင်ရွက်ပြီး လမ်းပခုံးသားမြေသားထပ်ခြင်း လုပ်ငန်းကိုလည်း တစ်ပါတည်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ၎င်းလမ်းပခုံးသားပေါ်မှ အများပြည်သူသွားလာလျက်ရှိပါကြောင်း၊ ရထားသံလမ်းနှင့် အမှတ်(၃)လမ်းဆုံအကြား အပိုင်းမှာ ပေရှည် ၃၈၀၀ ခန့်ရှိပြီး လမ်းဘေးတွင် လူနေအိမ်မရှိဘဲ စိုက်ခင်းနှင့် တာပေါင်များသာ ရှိသောကြောင့် လူသွားလာမှုနည်းပါးသည့် အပိုင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းအား လက်ရှိအခြေအနေတွင် စကြံဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ခရေပင်လမ်း(ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမအထိ) လမ်းဘေးဝဲ/ယာတွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းစုစုပေါင်း ၇၂ ဆိုင်ရှိပြီး ၎င်းဆိုင်များအနက် ၂၃ ဆိုင်မှာ လမ်းနယ်အတွင်းသို့ တိုးချဲ့ထားသည်ကို တွေ့ရှိရပါကြောင်း၊ လမ်းနယ်အတွင်းသို့ တိုးချဲ့ဆောက်လုပ်ထားသော ဆိုင်ခန်းများအား ၃၀-၁၀-၂၀၁၃ တွင် ပုဒ်မ ၆၈ ဖြင့် တရားစွဲဆိုခဲ့ရာ ဒဏ်ငွေကျပ် ၅၀၀၀၀ ချမှတ်ပေးဆောင်စေခဲ့ပြီးဖြစ်သော်လည်း ဖျက်သိမ်းခြင်း မရှိသေးသဖြင့် ပုဒ်မ ၆၉ ဖြင့် ဆက်

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

လက်အရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်ဆိုင်ခန်းများ ဖျက်သိမ်းရန်အတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဖယ်ရှားရှင်းလင်းခြင်းမရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုးက **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပလုံးတုံးတုံးကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံစဉ်၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံစဉ်၌လည်းကောင်း၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ပြောကြားချက်နှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူဖြေရှင်းပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုအား** တင်သွင်းခဲ့သည်။

ယင်းအရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ရှင်းလင်းရာတွင် ဖြစ်စဉ်နှစ်ရပ်စလုံးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် Bona Fide(good faith) နှင့် သဘောရိုးဖြင့် ပြောဆိုခဲ့ခြင်းလား၊ သို့မဟုတ် Mala Fide(bad faith) ကောက်ကျစ်သောအကြံဖြင့် စေတနာမသန့်ဘဲ ပြောခဲ့ခြင်းလားဆိုသည့်အချက်သည် ဤကိစ္စတွင် မိမိတို့ အရေးတကြီးထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဤကိစ္စကို လေ့လာသုံးသပ်သည့်နေရာတွင် ဖြစ်နိုင်သမျှ တရားမျှတမှုရှိစေရန်အတွက် အပေါ်ယံလေးလေ့လာသုံးသပ်ခြင်းမျိုး မလုပ်ချင်ပါကြောင်း၊ နောက်ခံအကြောင်းတရားများ၊ ဖြစ်စဉ်ပေါ်ပေါက်သည့် ပတ်ဝန်းကျင်အခြေအနေ၊ ဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများ၊ နယ်မြေခံပြည်သူလူထု၏ ပင်ရင်းစိတ်နေသဘောထားများကိုပါ ထည့်သွင်းစဉ်းစားပြီးမှ ပြည့်ပြည့်စုံစုံလေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယင်းအတွက် လုံလောက်သည့်အချိန်ပေးပါဟု တင်ပြလိုပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထဲရေးဆိုင်ရာမေးခွန်းလေးခု၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းသုံးခုမေးမြန်းဖြေကြားခဲ့ပြီး အရေးကြီးအဆိုတစ်ခုတင်သွင်းခြင်းနှင့်ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ကော်မတီ၏လုပ်ဆောင်ချက်ကောင်းမှသာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ **နမ့်ဖူးချောင်းရေ ကောင်းမွန်စွာ နဂိုအတိုင်း စီးဆင်းနိုင်ရန် ချောင်းတစ်လျှောက် လိုအပ်သည့်နေရာတွင် သဲတူးထုတ်ခြင်း၊ နမ့်ဖူးချောင်းကူးတံတား ပြန်လည်တည်ဆောက်ပေးခြင်း၊ သဲဖုံးလွှမ်းနေသောလယ်များ လယ်ပြန်စိုက်နိုင်ရန် အကူအညီပေးခြင်း၊ ချောင်းတွင်းသို့ မြေများထပ်မံမပြိုကျရန် ထိန်းသိမ်းခြင်း၊ သစ်ပင်များမခုတ်ရန် တားမြစ်ခြင်း စသည့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းလျာထားပေ ၁၆၁၈၀၊ မြေကြီးကျင်း ၃၇၃၀၀ ကျင်းအား ၁၃-၁၂-၂၀၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၄-၁-၂၀၁၄ ရက်ထိပေ ၁၈၅၀၊ မြေကြီးကျင်း ၄၂၄၄ ကျင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျိုင်းတုံမြို့နယ် အမှတ် (၃) ရပ်ကွက်နှင့် အမှတ် (၄) ရပ်ကွက် အနိမ့်ပိုင်း လူနေအိမ်အချို့ ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်ရန် နမ့်လပ်ချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းလျာထားပေ ၈၄၀၀၊ မြေကြီးကျင်း ၂၉၄၀၀ ကျင်းအား ၂၀၁၄ ခုနှစ် ဇန်နဝါရီ တတိယပတ်တွင် စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါကြောင်း။

နမ့်ဖူးချောင်းကူး ကွန်ကရစ်တံတားမှာ ချောင်းရေနှင့် မျောပါသွားခြင်းမဟုတ်ဘဲ သဲဖုံး၍ နစ်မြုပ်သွားခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းချောင်းကူးတံတားမှာ ပြန်ပေါ်လာပြီး ပုံမှန်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ သဲဖုံးသွားသော လယ်မြေများပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် လိုအပ်သောနေရာများ၌ ရေထုတ်ပြွန်များ တပ်ဆင်ပေးနိုင်ရန် ဒေသခံတောင်သူများနှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း။

ချောင်းအတွင်းသို့ မြေများထပ်မံမပြိုကျစေရန် ဒေသတွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် တောင်ပြိုကျမှုမရှိစေရန်ကာကွယ်ခြင်း၊ သစ်တောပြုန်းတီးမှုမှကာကွယ်ခြင်း၊ သစ်ပင်များမခုတ်ရန်တားမြစ်ခြင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ကျေးလက်ပြည်သူများပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို စီမံဆောင်ရွက်ခြင်းဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ နမ့်ဖူးချောင်း၊ နမ့်လပ်ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သမ္မတရုံးသီးသန့်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၄၁ ဒသမ ၀ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **မော်တော်ယာဉ်ဝယ်ယူရာတွင် သတ်မှတ်တန်ဖိုး၏ တစ်ဝက်အပေါ်တွင် ၁၅ ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ခြင်းသည် မည်သည့်ဥပဒေ သို့မဟုတ် အမိန့်ဖြင့် စည်းကြပ်သည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ တွင် “စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးသည် နိုင်ငံတော်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

၏ အကျိုးငှာ ဝင်ငွေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ လိုအပ်လျှင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အလားတူ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)တွင်လည်း “ပြည်ထောင်စုအစိုးရသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ အခွန်သက်သာခွင့်ပေးခြင်း၊ အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်သူများ မော်တော်ယာဉ်၊ ရေယာဉ်များ ဝယ်ယူ/တည်ဆောက်ခြင်းများတွင် မိမိတို့သုံးစွဲခဲ့သည့် ငွေကြေးအတွက် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်အေးချမ်းသာစွာ ဝယ်ယူဆောင်ရွက်နိုင်စေရန်အတွက် အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ၁၄-၆-၂၀၀၇ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁၈/၂၀၀၇ ၏ သဘောတူခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၁၀၄/၂၀၀၇ ထုတ်ပြန်ပြီး သက်သာခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာတွင် မော်တော်ယာဉ်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအပေါ် ၁၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရန် သို့မဟုတ် ဝင်ငွေရလမ်း စိစစ်မှုခံယူလိုပါက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ စိစစ်စည်းကြပ်မှုခံယူခွင့်ပြုနိုင်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ရာတွင် ၎င်းအမိန့်ကြော်ငြာစာသည် မော်တော်ယာဉ်၊ ရေယာဉ်များ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းအတွက်သာသက်ဆိုင်ပြီး တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို အရေးယူသည့်ဥပဒေနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတို့အရ အရေးယူထားသည့် အမှုများနှင့် သက်ဆိုင်ခြင်း မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးစောအုန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးအောင်ကြည်ညွန့်က လွှတ်တော်အစည်းအဝေးများတွင် မေးခွန်းများ မေးမြန်းခဲ့မှု၊ အဆိုများတင်သွင်းခဲ့မှု၊ ကတိများပေါ်ပေါက်ခဲ့မှု၊ ကတိများအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိနေမှု အခြေအနေများအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး ဆောင်ရွက်ရန် ကြန့်ကြာနေသည့် ကတိများအား လေးစားနားလည်မှုအပြန်အလှန်ထားရှိပြီး ဂရုတစိုက်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးစောအုန်းက သတ္တမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၁၃၅ ခု ရှိသည့်အနက် ကတိဖြစ်ပေါ်ခဲ့မှုမှာ ၆၄ ခုရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံနှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေးကို အဓိကရည်ရွယ်၍သာ မေးခွန်းများ မေးမြန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ကတိများအပေါ် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များကို စနစ်တကျလေ့လာသုံးသပ်ပြီး ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီ၏ လုပ်ဆောင်ချက်ကောင်းမှသာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေမည့်အပြင် လွှတ်တော်၏ Image လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့အတူ သတ္တမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ၁၂ ခု တင်သွင်းခဲ့ပြီး အားလုံးအတည်ပြုနိုင်ခဲ့ခြင်းသည် အထူးကောင်းမွန်သည့် ရလဒ်ဖြစ်ပြီး နိုင်ငံနှင့် နိုင်ငံသားများအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ မေးခွန်း၊ အဆိုနှင့် ကြယ်ပွင့်မပြမေးခွန်းများအား ဝန်ကြီးဌာနများအနေဖြင့် စနစ်တကျလေ့လာသုံးသပ်ပြီး ဖြစ်ပေါ်ခဲ့သည့် ကတိများကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

ဆက်လက်၍ ဒုတိယသမ္မတသည် ခွဲစိတ်ခန်းမအတွင်းရောက်ရှိပြီး အသုံးပြုသည့်ပစ္စည်းကိရိယာများကောင်းမွန်ရေး၊ ဆေးရုံသန့်ရှင်းသပ်ရပ်ရေး၊ ကျန်းမာရေးနှင့်အညီဆောင်ရွက်ရန် လိုအပ်ချက်များအပေါ် အသေးစိတ်မှာကြားသည်။

ထို့နောက် မီးယပ်နှင့် သားဖွားကုသဆောင်သို့ လည်းကောင်း၊ ကလေးကုသဆောင်နှင့်ပြင်ပလူနာကုသဆောင်သို့လည်းကောင်း၊ ဆေးရုံမြေညီထပ်ရှိ သားဖွားဆောင်နှင့်ပြင်ပလူနာကုသဆောင်၊ ကလေးကုသဆောင်များသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စဝ်စံထွန်းပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက POST OPERATIVE ROOM၊ EXAMINATION ROOM များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်တင်ကြူက လိုက်လံရှင်းလင်းပြသသည်။

ဒုတိယသမ္မတက ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ဆေးရုံ၏ လိုအပ်ချက်များကိုမေးမြန်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခွဲစိတ်ဆောင်၊ လူနာခန်းများနှင့် ထပ်မံတိုးချဲ့ဆောက်လုပ်မည့် Imaging Complex မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်းက ဆောက်လုပ်မည့်အစီအမံများနှင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးဝါးပစ္စည်းများ သိုလှောင်ထားရှိရာ ဆေးသိုလှောင်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက မှာကြားရာတွင် ကွန်ပျူတာစနစ်ကိုအသုံးပြု၍ ဆေးဝါးများ သိုလှောင်ထားရန်လိုအပ်ကြောင်း၊ ဆေးဝါး၏သက်တမ်းကုန်ဆုံးမှုရှိမရှိကို အလွယ်တကူသိရှိနိုင်ရန်အတွက် ထိုနည်းစနစ်သည် အလွန်ကောင်းမွန်ကြောင်း၊ ဆေးဝါးအသုံးပြုပြီးဖြစ်မှု၊ ကုန်ဆုံးသွားမှုအခြေအနေများကို သိုလှောင်ခန်းအရောက်လာရောက်ကြည့်ရှုစစ်ဆေးရန်မလိုဘဲ ကွန်ပျူတာစနစ်ဖြင့် အလွယ်တကူသိရှိနိုင်မည်ဖြစ်ရာ နည်းစနစ်ပိုမိုကောင်းမွန်မှုကိုအသုံးချ၍ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းဝေက အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် လိုအပ်ချက်အခြေအနေများကို လည်းကောင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်းက ပြည်သူ့ဆေးရုံကြီး၏ကျန်းမာရေးဝန်ဆောင်ပေးနေမှုဆိုင်ရာများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးသန်းထွတ်အောင်က ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဆိုင်ရာများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စဝ်စံထွန်းဆေးရုံသို့ ယနေ့ရောက်ရှိလာခြင်းသည် ဒုတိယအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် ရောက်ရှိလာခဲ့စဉ်က အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုများအထိုက်အလျောက်တွေ့ရသည့်အတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း။

နှစ်ပေါင်းအတော်အသင့်ကြာခဲ့ပြီဖြစ်သည့် ဤဆေးရုံကြီးမှ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသတွင်ရှိသည့် ပြည်သူလူထုများကို အခက်အခဲမျိုးစုံကြားထဲမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးကြသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ ဤဆေးရုံကြီးကို လာရောက်ကြည့်ရှုရသည့် ရည်ရွယ်ချက်သုံးခုရှိပါကြောင်း၊ ပထမတစ်ခုမှာ များမကြာမီကာလတွင် ဖွင့်လှစ်ရန်ရှိသည့်ဆေးတက္ကသိုလ်(တောင်ကြီး) အတွက် စဝ်စံထွန်းဆေးရုံကြီးသည် ကုသရေးဆေးရုံအပြင် သင်ကြားရေးဆေးရုံအနေဖြင့်ပါ ပေါ်ပေါက်လာမည်ဖြစ်ရာ လိုအပ်ချက်များသိရှိနိုင်ရန်ဖြစ်ကြောင်း။

ဒုတိယအချက်မှာ လက်ရှိဆေးရုံကြီး၏ ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းများ၏ လိုအပ်ချက်၊ ဝန်ထမ်းမိသားစုများ၏လိုအပ်ချက်များကို တစ်ဆက်တည်း ဆောင်ရွက်ပေးနိုင်သည်များကိုလည်း ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်ဘက်က ဆောင်ရွက်ပေးရန်ရှိသည်များ ဆောင်ရွက်ပေးနိုင်ရန်နှင့် ဆေးရုံမှတာဝန်ရှိသူများက အကြံဉာဏ်များ၊ တင်ပြချက်များအပေါ်တွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရောက်လာခြင်းပင် ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် Budget ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးသည့်အလျောက် အထူးသဖြင့် အခြေခံလူတန်းစား၊ အလယ်အလတ်တန်းစား လူတန်းစားများအပေါ် အကျိုးသက်ရောက်မှုရှိစေချင်ပါကြောင်း၊ ထို့အတူပင် မြို့ပေါ်နှင့်ကျေးလက် ကျန်းမာရေးဝန်ဆောင်မှုပေးမှု ကွာဟချက်နည်းနိုင်သမျှ နည်းပါးစေလိုသည့် စေတနာဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မြို့ပေါ်တွင်ရသည့် ကျန်းမာရေးစောင့်ရှောက်မှုမျိုးနီးပါး ကျေးရွာများတွင်လည်း ရစေချင်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ လိုအပ်သည့် အကြံဉာဏ်များကို တိုက်ရိုက်စာရေးသားပေးပို့နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျန်းမာရေးဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား တောင်ကြီးဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တောင်ကြီးမြို့ကို နိုင်ငံ့တာဝန်ဖြင့် မကြာခဏရောက်ခဲ့သော်လည်း တောင်ကြီးမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တွေ့ရသည်မှာ နှစ်ကြိမ်နှစ်ခါပင်ရှိပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအစီအစဉ်ဖြင့်ရောက်ရှိစဉ် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်းခုနစ်ဖွဲ့ရှိနေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြီးခဲ့သည့်သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပုဂ္ဂလိကဆိုင်ရာကဏ္ဍများတွင် ထွက်ပေါ်လာသည့် ရလဒ်များအပေါ် ထားရှိသည့်တိုင်းရင်းသားပြည်သူများ၏အမြင်သဘောထားကိုလည်း သိရှိလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတစ်ရာကျော်နေထိုင်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးထဲတွင် ရှမ်းပြည်နယ်သည် နယ်မြေအကျယ်အဝန်း အကြီးဆုံးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင်တိုင်းရင်းသားလူမျိုးများစွာ နေထိုင်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသခြောက်ခုရှိသည့်အနက် ရှမ်းပြည်နယ်တွင် ငါးခုရှိနေသည်ကို တွေ့ရပါကြောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါ များစွာရှိနေသည်ကို တွေ့ရပါကြောင်း။

ပြည်နယ်အစိုးရအဖွဲ့တွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီး ခုနစ်ဦးအထိရှိနေသည်ကိုတွေ့ရပါကြောင်း၊ ရှမ်းပြည်နယ်တွင် မြို့နယ်အားဖြင့် ၅၅ မြို့နယ်အထိ ရှိနေသည်ဟု သိရကြောင်း။

ရှမ်းပြည်နယ်သည် ထူးခြားဝိသေသများစွာရှိသည့် ပြည်နယ်တစ်ခုဟု ပင်ဆိုနိုင်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) တွင် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မိမိတို့စာပေနှင့်ယဉ်ကျေးမှု ကိစ္စအဝဝမှန်သမျှကို အခြားသောတိုင်းရင်းသားများကိုမထိခိုက်စေဘဲ နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေများနှင့်ကိုက်ညီပါက လွတ်လပ်စွာလုပ်ကိုင်နိုင်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားများ၏အခွင့်အရေးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ယင်းမှာ ပြောင်းလဲလာသည့် ခေတ်၊ စနစ်ကိုဖော်ပြနေခြင်းပင် ဖြစ်ပါကြောင်း။

လွှတ်တော်တွင်လည်း တိုင်းရင်းသားပေါင်းစုံပါဝင်လျက်ရှိနေကြောင်း၊ မိမိလိုချင်သည့်အခွင့်အရေးကို တင်ပြနိုင်ပြီဖြစ်ကြောင်း၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ စာပေနှင့်ယဉ်ကျေးမှုအသင်းစသည့်အဖွဲ့များသည် မိမိတို့တိုင်းရင်းသားစာပေဘာသာစကားများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ တိုင်းရင်းသားကိစ္စများနှင့်ပတ်သက်၍လည်း ငြိမ်းချမ်းရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ရန်လိုပါကြောင်း၊ မိမိတို့ညီအစ်ကိုမောင်နှမများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးတိုင်ပင်သင့်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးရရှိစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးကြရန်လိုမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမည်ဆိုပါက မည်သူ့အတွက်မှ ကောင်းကျိုးမရှိဘဲ ဆိုးကျိုးသက်သက်ကိုသာ ဖြစ်ပေါ်စေမည်ဖြစ်ရာ ငြိမ်းချမ်းရေးရရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်း၊ ယခုအခါ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း သိရှိထားပြီးဖြစ်သည့်အားလျော်စွာ မိမိတို့တတ်နိုင်စွမ်းသမျှ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာများ၊ ပညာရေးတိုးမြှင့်နိုင်စေရေးနှင့် ဒေသတွင်းလိုအပ်ချက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကိုတင်ပြဆွေးနွေးကြရာ ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခုနစ်ဖွဲ့အား ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၁၄၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ထောက်ပံ့ငွေ ၁၀ သိန်းစီဖြင့် ငွေကျပ်သိန်း ၇၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တွေ့ဆုံပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်နှင့် မြစိမ်းတောင်စေတီတန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တောင်ကြီးမြို့၏ ရှုခင်းအလှအား ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေး နည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ INGOs၊ NGOs များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှဝန်ထမ်းများ၊ ကျေးလက်လူငယ်များ စုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းများသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများ၌ နည်းပြများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ လေ့ကျင့်ပညာပေးရေးဌာနစိတ် သင်တန်းခန်းမတွင်လည်း အလားတူ နည်းပြသင်တန်းဖွင့်လှစ်ခဲ့ပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

ပင်းတယမြို့နှင့် ရပ်ကွက်(၁၂) ရပ်ကွက် အနီးပတ်ဝန်းကျင်ကျေးရွာမှ ဈေးဝယ်လာကြသော ပြည်သူများသည် အရောင်အသွေးမျိုးစုံဖြင့် လှပနေသော အဆိုပါမီးပုံးပျံကို ထူးဆန်းအံ့သြစွာဖြင့် တိုးဝှေ့လျက်ကြည့်ရှုကြကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

○ ကျောဖုံးမှ

နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်သွားရမည့်အစီအစဉ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ရှင်းလင်းမှာကြားပြီး ကျေးရွာစာသင်ကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ၁၄၀ ကျော်အတွက် ကျောင်းဝတ်စုံနှင့် အခြားအသုံးစရိတ် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မောရဝတီကျေးရွာမှ ရဟတ်ယာဉ်ဖြင့် မောင်တောမြို့သို့ ရောက်ရှိပြီး မြို့နယ်သီရိမင်္ဂလာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နှစ်ဖက်လူမှုအဖွဲ့အစည်းမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မောင်တောမြို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များကို မေးမြန်းဆွေးနွေးဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း သံကူကွန်ကရစ် နှစ်ထပ်စာသင်ဆောင် တည်ဆောက်နေမှုကိုလှည့်လည်ကြည့်ရှုပြီး ကျောင်းသားများ ပညာသင်ယူမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် မြို့ပြစည်ပင်သာယာ ဖွံ့ဖြိုးမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒေသ၏ ပထဝီအနေအထားနှင့် လူမှုရေး၊ စီးပွားရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဦးအောင်သန်းဦးတို့က မိမိတို့ဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။

ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးစီမံကိန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပလက်ဝမြို့တို့တွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စစ်တွေဆိပ်ကမ်းကို တန်ချိန် ၂၀၀၀၀ ရေယာဉ် ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားတစ်ခု တည်ဆောက်လျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် စီမံကိန်းတာဝန်ခံတို့က လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားမှုနှင့် View point တို့ကို ကြည့်ရှုသည်။

ဆက်လက်၍ စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့များသို့ ဒုတိယသမ္မတဦးညဏ်ထွန်းရောက်ရှိစဉ် ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ၌ မိမိတို့လူ့အဖွဲ့အစည်းမှာ သမိုင်းကြောင်းနှင့်ချီပြီး ဒီမိုကရေစီ ရေချိန်နိမ့်ပါးခဲ့ခြင်းနှင့် ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို မတည်ဆောက် နိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခ၏ အခက်အခဲအကျပ်အတည်းများ၊ အချင်းချင်း မယုံကြည်မှုများ၊ စီးပွားရေးနိမ့်ကျမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမှုဆိုသည့် ခါးသီးသောဒဏ်များကို ခံစားခဲ့ကြရပါကြောင်း၊ ၎င်းဒဏ်ရာများကို ကုစားနိုင်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အသွင်ကူးပြောင်းရေး ဖြစ်စဉ်များသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြုအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ် တည်ဆောက်မှုဖြစ်စဉ်ဟူသည့် သုံးပွင့်ဆိုင်အပြိုင်အသွင်ကူးပြောင်းရေး ဖြစ်စဉ်များဖြစ်ပါကြောင်း။

ယင်းဖြစ်စဉ်များကို နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြောင်းလဲမှုလုပ်ငန်းစဉ်ကြီး (၄) ရပ်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဝဖြစ်ကြောင်း၊ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံနိုင်ငံများနှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်းကောင်း ကူးသန်းရောင်းဝယ်မှု အခွင့်အလမ်းများရှိပါကြောင်း။

စစ်တွေဆိပ်ကမ်းနှင့် ကျောက်ဖြူဆိပ်ကမ်းတို့သည် မကြာမီတွင် နိုင်ငံတကာဆိပ်ကမ်းများအဖြစ် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း။

ပြည်နယ်၏လမ်းပန်းဆက်သွယ်ရေးသည် ပြည်မနှင့်သာမက အရှေ့အနောက်ကမ္ဘာ့နိုင်ငံများ၏ စကြံလမ်းကြောင်းအဖြစ် ကူးသန်းရောင်းဝယ်မှု ဗဟိုချက်ဖြစ်လာမည်ဖြစ်ပါကြောင်း။

ကူးသန်းရောင်းဝယ်မှု ဗဟိုချက်ဖြစ်လာသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလာပြီး ရခိုင်ပြည်နယ် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းကို ပိုင်ဆိုင်လျက်ရှိပါကြောင်း။

စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ပြီး စည်ပင်သာယာဝပြောသော ပြည်နယ်တစ်ခုဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကလိုအပ်မှုမှာ စွမ်းဆောင်ရည်ဖြစ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစွမ်းဆောင်ရည်များဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ဆူပူအကြမ်းဖက်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ထိရောက်မှုရှိခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်းတို့ဖြင့် ပြည့်စုံသည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် တည်ဆောက်၍ စီမံခန့်ခွဲရေး၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့် လွှတ်တော် ကိုယ်စားလှယ်များတို့ဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် အဓိကအခြေခံကျသည့် အချက်မှာ တရားဥပဒေ စိုးမိုးရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်တစ်ခုလုံး တိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေး ရရှိအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း ကျောင်းသားများ ပညာသင်ယူမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲ ပြိုင်ပွဲကျင်းပမည်

၁။ ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုတစ်ကွင်းတစ်စပ်တည်း ဧက ၉၀၀ အဆင့်မြင့် စက်မှုလယ်ယာစံပြစိုက်ကွင်းတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၂။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တောင်သူလယ်သမား(လယ်ယာကဏ္ဍ) (Farmers Channel) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲတွင် ဆုရရှိကြသည့် တေးရေးဂီတပညာရှင်၊ ဝါသနာရှင်များ၊ စာပေပညာရှင်နှင့် ဝါရင့်တေးဂီတပညာရှင်ကြီးများအား ဂုဏ်ပြုဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

(က) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲတွင် ဆုရရှိကြမည့် ပြိုင်ပွဲများအား ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၄၀၀၀၀၊ ပဥ္စမဆု ငွေကျပ် ၃၀၀၀၀ နှင့် နှစ်သိမ့်ဆု ငွေကျပ် ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

(ခ) တောင်သူလယ်သမား (လယ်ယာကဏ္ဍ) (Farmers Channel) တေးသီချင်းပြိုင်ပွဲတွင် ဆုရရှိကြသည့်တေးရေးဂီတစာဆိုပညာရှင်များကို ပထမဆုကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ကျပ်ငါးသိန်းစီ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

(ဂ) စာပေပညာရှင် ဆရာမြင်းမူမောင်နိုင်မိုးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည် ဖြစ်ပါသည်။

(ဃ) ထို့အပြင် ဝါရင့်တေးဂီတပညာရှင်ကြီးများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၃။ လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော စိုက်ပျိုးရေးပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအသင်းအဖွဲ့များ၊ တောင်သူလယ်သမားများအားလုံး လာရောက်လေ့လာနိုင်ပါကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရမည်းသင်းမြို့ စေတနာရှင်ကုသိုလ်ဆေးခန်းသို့ အလှူရှင်များလှူဒါန်း

ရမည်းသင်း ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်တွင် ရန်ကုန်မြို့နေ ရမည်းသင်းမြို့ ဇာတိဖွား ဦးမြတ်သင်းအောင် (စက်မှုဇုန်ဥက္ကဋ္ဌ)-(ဒေါ်ခင်မြင့်မြင့်)မိသားစုတို့က ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ လူမှုထူးချွန်စာကြည့်တိုက်နှင့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းအဆောက်အအုံ ပရိဘောဂဆေးနှင့် ဆေးပစ္စည်းများ မတည်လှူဒါန်းသောဆေးခန်းသို့ လာရောက်လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် လှူဒါန်းကြသည့်အလှူရှင်များအား ဆေးခန်းကော်မတီဥက္ကဋ္ဌ ဦးငွေသိန်းနှင့်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါဆေးခန်းကို ဖေဖော်ဝါရီ ၁ ရက်က စတင်ဖွင့်လှစ်ရာ ပြည်သူများအား အထောက်အကူပြုဆေးကုသပေးလျက်ရှိပြီး အထိမ်းအမှတ်နေ့များတွင်လည်း တစ်နေ့တာငွေကျပ်နှစ်သောင်းဖြင့် လာရောက်လှူဒါန်းသူများ၊ လစဉ် လှူဒါန်းမည့် အလှူရှင်များဖြင့် နေ့စဉ်မပြတ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လူမှုထူးချွန်စာကြည့်တိုက်နှင့် စေတနာမွန် အခမဲ့ဆေးခန်းကို ဖေဖော်ဝါရီ ၈ ရက်တွင် အခမ်းအနားဖြင့်စည်ကားစွာ ဖွင့်လှစ်မည်ဖြစ်ပြီး အောင်ပွဲအဖြစ် ဖေဖော်ဝါရီ ၉ ရက်ညတွင် သီလဝခန်းမ၌ ဟားတသိုက်အငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ပြည်တွင်းသတင်း

ရှခွလေးတံတားအသစ်တည်ဆောက်လျက်ရှိ

ပေါက် ဖေဖော်ဝါရီ ၄

ယခင်ကားလမ်းဟောင်း မင်းတပ်-မတူပီ-ပေါက်-ပခုက္ကူလမ်းပေါ်ရှိ ပေါက်မြို့နယ် ရှခွလေးကျေးရွာအနီး ချောင်းအကူး ကုန်းမြင့်အတက်တွင် ယာဉ်အမျိုးမျိုး ဒုက္ခရောက်ခဲ့ကြသဖြင့် ယခုအခါ နိုင်ငံတော်က ရှခွလေးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီး အဖွဲ့(၃)အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်း၊ EE ဒေါ်သစ်သစ်အောင်၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်သိမ့်ဟန်စုကျော်နှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ ရက်က စတင်တည်ဆောက်ခဲ့ရာ တံတားအရှည်ပေ ၁၅၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် ၂ ပေ ၆ လက်မ နှစ်ဖက်ပေါင်း ၅ ပေဖြစ်ပြီး အကျယ် ၂၉ ပေဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတား ဖြစ်သည်။

ဤတံတားကြီး မဆောက်လုပ်ခင် မိုးတွင်းကာလ၌ ချောင်းရေများကျပြီး ရွှံ့နွံများ တင်ကျန်ခဲ့ရာ ချောင်းအကူး ကုန်းမြင့်အတက်တွင် ကားဘီးများ ချော်ပြီး မတက်နိုင်သဖြင့် ယာဉ်ကြီးယာဉ်ငယ်များ နောက်ပြန်လျှောကျခဲ့ခြင်းများ ဖြစ်ခဲ့ကြရသဖြင့် ခရီးသွားပြည်သူများ ဒုက္ခရောက်ခဲ့ကြရသည်။

"အခုနိုင်ငံတော်က ဒီတံတားကြီး ဆောက်လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ကျေးရွာ၊ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်ပျိုးရောင်းချလျက်ရှိတဲ့ အာလူး၊ ကြက်သွန်၊ ပဲစင်းငုံနဲ့ အခြားသီးနှံများ နေ့ရောညပါ အချိန်အခါမရွေး မြို့ကြီးများသို့ သွားရာက်ရောင်းချနိုင်ပြီး ရောင်းဝယ်ရေး အဆင်ပြေချောမွေ့ကာ ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အနယ်နယ်အရပ်ရပ်မှခရီးသွားပြည်သူများ ယခင်ကလို ဒုက္ခရောက်မှုတွေ ရင်ဆိုင်ကြုံတွေ့ခြင်းမရှိဘဲ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာသွားလာနိုင်မှာဖြစ်ပါတယ်"ဟု ရှခွလေးကျေးရွာနေ ဦးစိုးနိုင်က ပြောကြားသည်။ ထိုတံတားကို မတ်လကုန်အပြီး ဆောက်လုပ်သွားမည်ဟု ခန့်မှန်းထားကြောင်း ဆောက်လုပ်ရေး အထူးစီမံကိန်းကြီး အဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်သိမ့်ဟန်စုကျော်က ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ပြည်သူများအား ထင်းများအခမဲ့ဖြန့်ဝေ

သာစည် ဖေဖော်ဝါရီ ၄

နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေး လုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်မှ ဓမ္မတာမျိုးဆက်ခြင်း ဆောင်ရွက်ခဲ့သည့်အတွက် ထွက်ရှိလာသည့် ထင်းများကို ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းကို မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ကြိုးဝိုင်းအတွင်းရှိ သဘာဝတောကျန်ထိန်းသိမ်းရေး ပင်မစခန်းတဲ၌ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်(၁)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာစည်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်သူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်မှူး ဦးဝင်းမောင်နှင့် ယင်းမာပင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူ ၄၀ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က ထင်း ၈ ဒသမ ၅၅ တန်ကို ကျေးရွာပြည်သူများသို့ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (သစ်တောဦးစီး)

မတ္တရာမြို့နယ် ပန်းယျကျေးရွာ၌ လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

မတ္တရာ ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပန်ယျကျေးရွာတွင် လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူမြင့်၊ ပန်းယျကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမောင်နှင့် လူငယ်အားမာန် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မတ္တရာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုလေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းနှင့် ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွန်းတို့က စာအုပ်များကိုလှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်သူရက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်သို့ ဦးကျော်ဆွေ-ဒေါ်သန်းနွဲ့(သိန်းသန်းကျော်-ကွမ်းကွမ်းသီးရောင်းဝယ်ရေး)က ၃၂ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် ကျေးရွာဒေသခံများနှင့် အုတ်လုပ်ငန်းရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းငါးသောင်းလှူဒါန်းကြောင်းနှင့် လူငယ်အားမာန်စာကြည့်တိုက်အဆောက်အအုံသည် အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိပြီး သွပ်မိုး၊ အုတ်ကာအုတ်ခင်းဖြစ်ပြီး ငွေကျပ် ၅၈ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မန္တလေးမြို့၌ ဘောလုံးသင်တန်းဖွင့်မည်

မန္တလေး ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံမှ ဘောလုံးအခြေခံရှိသော လူငယ်ဘောလုံးဝါသနာရှင် ရွက်ပုန်းသီးဘောလုံးသမားများ ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ယောက် ဖြစ်လာစေရန်နှင့် ၂၀၁၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် လူငယ်ဘောလုံးအသင်းများသို့ ဝင်ရောက်အရွေးခံနိုင်ရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားချိတ်ဆက်ပေးမည့် ဘောလုံးသင်တန်းကို မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်မြို့နယ်ဘောလုံးကွင်းရှိ ပုဂ္ဂလိက စူပါစတား ပရော်ဖက်ရှင်နယ်ဘောလုံးသင်တန်းကျောင်း၌ ဖွင့်လှစ်ထားကြောင်းသိရသည်။

ဤသင်တန်းသို့ ၂၀၁၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ်လူငယ်ပြိုင်ပွဲများမစတင်မီ ပြိုင်ပွဲဝင်လူငယ်အသင်းများမှ နည်းပြများနှင့်တာဝန်ရှိသူများအား မန္တလေးသို့ ဖိတ်ခေါ်ပြသပြီး ကြိုက်နှစ်သက်သည့် သင်တန်းသား ဘောလုံးသမားများကို အသင်းများအား ရွေးချယ်ခွင့်ပေးမည့် အစီအစဉ်ပါရှိကြောင်း နည်းစနစ်ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော နည်းပြဆရာများ၏ သင်ကြားမှု၊ ကစားသမားများ၏ ကြိုးစားမှုတို့ကြောင့် ဤသင်တန်းများမှ ထူးချွန်သောဘောလုံးသမားများပေါ်ထွက်လာခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်လူငယ်ကလပ် အသင်းများမှ ရွေးချယ်သွားခဲ့သော လူငယ်ကစားသမားရှစ်ဦးအထိရှိကာ မြန်မာ့လက်ရွေးစင်လူငယ်အသင်းများ၏ ပဏာမအသင်းအထိ လူငယ်ဘောလုံးသမားနှစ်ဦး ပါဝင်ခဲ့ဖူးသည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မန္တလေးချမ်းမြသာစည်မြို့နယ် ဘောလုံးကွင်းရှိ စူပါစတား ပရော်ဖက်ရှင်နယ်ဘောလုံးသင်တန်းကျောင်း ဖုန်း-၀၉-၉၁၀၄၆၃၆၁၊ ၀၉-၄၀၂၇၀၄၀၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဇန်နဝါရီ ၂၆ ရက်က နေပြည်တော် အထက(၅)၌ ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကျင်းပရာ ပထမတန်းတွင် ပညာရည်ချွန် ပထမဆုရ မောင်ပြည့်စုံဥက္ကာအား ကျောင်းအုပ်ဆရာကြီးဒေါက်တာအောင်ကျော်လှိုင်က ဆုပေးအပ် ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

မိကျောင်းတံဆိပ် "အဆာတိ" ထီးမိသားစု -၏
ကျေးဇူးတော်ရှင် ပြန်မှုဓမ္မ ... (၁၆)ဦးရွေးချယ်ပွဲအခမ်းအနား -ကို
(၁၂.၂.၂၀၁၄)ပြည်ထောင်စုနေ့တွင် ခမ်းခမ်းနားနား မှန်မှန်ကန်ကန် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကံစမ်းမဲကံထိုက်သူများအား "ရဲသီဟ" ထီးဆိုင် တိုက်(၈)၊ အခန်း(၅)၊ စံပယ်လမ်း၊ ... နောက် ဘက်တိုက်တန်း၊ ရန်ကုန်မြို့သို့ (၈.၂.၂၀၁၄)နေ့အရောက် ပြန်လည်ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်။ ကံထူးရှင်များ၏ အမည်စာရင်းကို ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတွင် ကြေညာပေးပါမည်။
ထီးလျှိုရင်း ကံထူးနိုင်ပါစေ ... ထီးဆောင်းရင်း ကံထူးနိုင်ပါစေ ... ထီးရောင်းရင်း ကံထူးနိုင်ပါစေ...

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရဟန်းတော်များ သာသနာပြုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရဟန်းတော်များ သာသနာပြုသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော် ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသံ့သာရ ဆရာတော်ဘဒ္ဒန္တကုမာရက သင်တန်းဖွင့် ဩဝါဒကထာမြွက်ကြားတော်မူရာတွင် "ယနေ့ကာလတွင် သံဃာငယ်များဟာ တောတောင်၏ ကျေးဇူးကို မေ့နေကြကြောင်း၊ အမှန်ကတော့ သစ္စာလေးပါးကို တောထဲ တောင်ထဲမှာရခဲ့တာဖြစ်ကြောင်း၊ နယ်စပ်နှင့်တောင်တန်းဒေသကို သာသနာတော်အမှောင်တွင်းက ပယ်ခွင်းနိုင်ကြပါစေ၊ သင်တန်း၌ပို့ချချက်များကို လက်တွေ့ဘဝတွင် သွက်သွက်လက်လက်ထက်ထက်မြက်မြက်ဆောင်ရွက်နိုင်ပါစေ။ ဝီရိယဝတောကိံနာမကမ္မံနသိဇ္ဈတိလို့ ဝီရိယသာရှိလျှင် မပြီးနိုင်သောကိစ္စမည်သည်မရှိဆိုသည့်အတိုင်း ယုံကြည်မှု၊ ဇွဲသတ္တိနှင့် လုပ်ကိုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပြတ်သားစွာချမှတ်ပြီး ဆောင်ရွက်ကြပါ"ဟု မိန့်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့သည် ရဟန်းတော်များသာသနာပြုသင်တန်းကို သင်ကြားပို့ချပေးခဲ့ရာ ယခုအခါ ၂၄ ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ရဟန်းတော်ပေါင်း ၁၃၁၉ ပါးအား သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝေးလံခေါင်ဖျား တိုင်းရင်းသားများအား ဗုဒ္ဓ၏တရားဓမ္မများဖြင့် ထုံမွမ်းပေးနိုင်ရန်အတွက် သာသနာပြုသံဃာတော်အရှင်သူမြတ်များသည် သင်တန်းနည်းပြဆရာများက ပို့ချသင်ကြားပေးသော နည်းစနစ်များကို လက်ဝယ်ပိုင်ပိုင်ရရှိအောင်သင်ယူပြီး လက်တွေ့နယ်ပယ်၌ သာသနာပြုဂုဏ်ဆောင်နိုင်သော မြတ်ဆရာများဖြစ်အောင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ၂၅ ရက်တိုင်တိုင် ဘာသာရပ် ၁၃ မျိုး သင်ကြားပို့ချ၍ သင်တန်းသားရဟန်းတော်အပါး ၄၀ တက်ရောက်သင်ကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးအပ်

တာချီလိတ် ဖေဖော်ဝါရီ ၄

တာချီလိတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ တာချီလိတ်ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရဲထူးက လုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာချီလိတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝိလ်ဆင်မိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းတို့က နိုင်ငံတော်မှ ပေးအပ်သည့်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို သုံးစွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။ ယင်းနောက် နိုင်ငံတော်ကချမှတ်ပေးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ အနက် ပထမအရစ် ငွေကျပ်သိန်း ၅၀၀ ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များက လွှဲပြောင်းပေးအပ်ရာ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) မောင်ယဉ်ကျေး**

ဖေဖော်ဝါရီ ၁ ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောအမှုများကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အလုံမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်ရွှေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်တို့က ဟောပြောကြစဉ်။ (၀၄၂)

ပုဇွန်တောင်မြို့နယ်မှ လူသတ်မှု စစ်ဆေးဖော်ထုတ်အရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက်နေ ကိုဇေယျာလင်းသည် နေအိမ်၌ ၎င်း၏ဇနီးဖြစ်သူ မမေသီရိဖြူ၊ သမီးဖြစ်သူ မပိုးအိန္ဒြာဖြူနှင့် ညီဖြစ်သူ ကိုစိုးသူရလင်းတို့အားထားခဲ့ပြီး အလုပ်သွားနေခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် ဈေးမှနေအိမ်သို့ပြန်လည်ရောက်ရှိလာသော မိခင်ဖြစ်သူက ၎င်းထံသို့ဖုန်းဆက်သွယ်လာကာ နေအိမ်တံခါးကို အထဲမှဖွင့်မပေးကြောင်း၊ ကလေးငိုသံလည်း ကြားရကြောင်းပြောပြသိရသဖြင့် ပြန်လာခဲ့ပြီး သော့အပိုဖြင့်ဖွင့်ပြီး ဝင်ရောက်ကြည့်ရှုရာ နေအိမ်အတွင်း၌ ဇနီးဖြစ်သူမှာ ဦးခေါင်းတွင် ထုရိုက်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ အခင်းဖြစ်ပွားကတည်းက ပျောက်ဆုံးနေသည့် ကိုဇေယျာလင်း၏ ညီဖြစ်သူ စိုးသူရလင်းကို စုံစမ်းရှာဖွေလျက်ရှိစဉ် ၎င်းတို့နှင့် ဆွေမျိုးတော်စပ်သူတစ်ဦးက စိုးသူရလင်းအား ယင်းနေ့ည ၇ နာရီတွင် ရဲစခန်းသို့ လာရောက်ပို့ဆောင်ပေးခဲ့သည်။ စိုးသူရလင်းအား အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်ခဲ့ရာ သေဆုံးသူ မမေသီရိဖြူသည် အစ်ကိုဖြစ်သူနှင့်အိမ်ထောင်ကျကာ နေအိမ်သို့ရောက်ရှိလာသည့်နောက်ပိုင်း မိသားစုများအကြားတွင် မကြာခဏစကားများလေ့ရှိပြီး ၎င်းအပေါ်လည်း မကောင်းသော အတတ်ပညာများနှင့် လုပ်ကိုင်သည်ဟုထင်ကာ ဒေါသမထိန်းနိုင်ဘဲ သံတုတ်ဖြင့်ရိုက်နှက်ခဲ့၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် အမှုကို ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **စိုးဝင်း(SP)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မျောက်ငိုသီးများ ဈေးကောင်းရနေ

ကလေး ဖေဖော်ဝါရီ ၄

ကလေး-တမူး-ချင်းပြည်နယ်ရှိ မျောက်ငိုပင်များကို အဖူးဖူးချိန်တွင် အသီးအရွယ်အစားကို ခန့်မှန်းပြီး ငွေကျပ် ၁၀၀၀၀၀ ကျော်အထက်နှင့် ဝယ်ယူကြ၍ အတောင့်လိုက်ဆိုလျှင် ယခုရက်ပိုင်း တစ်တောင့်လျှင် ၁၂၀ ကျပ်ဝန်းကျင် ဈေးပေါက်နေကြောင်း သိရသည်။ မျောက်ငိုပင်သည် တစ်နှစ်သား ပျိုးပင်အရွယ် စိုက်ပါက ငါးနှစ်သားတွင် အသီးသီးကာ နှစ်စဉ်နယ်စပ်ဈေးကွက်တွင် ဈေးကောင်းရနေသောကြောင့် ကလေး၊ တမူး၊ ချင်းတောင်ပေါ်တို့တွင် စိုက်ပျိုးသူတစ်နေ့တခြားများပြားလာကြောင်း ဒေသခံများထံမှ သိရသည်။

"မျောက်ငိုသီးက တမူး၊ ကလေးဘက်တွေမှာလည်း ထွက်တယ်။ ကလေးနယ်အပြင် ချင်းပြည်နယ်မြောက်ပိုင်းက မျောက်ငိုသီးတွေပါ တမူးနယ်စပ်မှ ကုန်သည်တွေက လာဝယ်ကြတယ်။ ကသည်းလူမျိုးတွေက မျောက်ငိုသီးကို ဆေးဖက်ဝင်တယ်လို့ ပြောတယ်။ မျောက်ငိုသီးကို အစိမ်းချက်စားကြသလို မျောက်ငိုသီးအခြောက်ကို အစေ့ထွင်ပြီး ချက်ပြုတ်စားသောက်ကြတာတွေလည်းရှိတယ်" ဟု တမူးဒေသခံတစ်ဦးက ပြောသည်။

"ကလေးနယ်မှာဆိုရင် မျောက်ငိုသီးပင်တွေကို ခြံတွေအဖြစ်စိုက်ပျိုးလာကြတာရှိသလို အိမ်ဝိုင်းတွေထဲမှာ ပတ်ပတ်လည်စိုက်လာကြတယ်။ မျောက်ငိုတစ်ပင်စိုက်ထားရင် အိမ်ဝင်ငွေအတွက် တစ်နှစ်ကို တစ်သိန်းတော့ ဖာထေးနိုင်တယ်၊ အိမ်ပတ်လည် ဆယ်ပင်ရှိရင် ဆယ်သိန်းပဲ၊ ဒါကြောင့်လည်း မျောက်ငိုပင်တွေကို ကလေးဒေသမှာ စိုက်ပျိုးတဲ့သူ တစ်နေ့တခြား များပြားလာတယ်" ဟု ခြံစိုက်ပျိုးသူတစ်ဦးက ပြောသည်။

သျှင်နေမင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀	
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၂၃၀၀၀	

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၉၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၅.၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၅၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၂၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၃၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၈၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၃၀၀-၁၃၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၇၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၁၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၄၀၀-၆၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၅၀၀-၂၅၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀-၇၆၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံခြားဝင်ငွေကောင်းသော ကြိမ်လုံးများ ရန်ကုန်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေဖြစ်သော ဝါးတန်းအမှတ်(၆) ဆိပ်ခံဗောတံတားတွင် ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီခန့်က မြိတ်-ရန်ကုန်ပြေးဆွဲနေသော ရွှေငွေလင်း အောင်သဘော်ာပေါ်မှ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်များဖြစ်သော မြိတ်နှင့် ထားဝယ်ဒေသ သစ်တောထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ကြိမ် ၁၃ တန် အတင်အချပြုလုပ်နေကြောင်း တွေ့ ရှိရသည်။ **(ယာပုံ)**ယင်းကြိမ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှ အိမ်တွင်းသုံးနှင့် အခြားလုပ်ငန်းသုံး ပစ္စည်းများအဖြစ် ကုန်ချောထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ယင်းကြိမ်များကို ရွှေပင်လယ်ကုမ္ပဏီမှ တာဝန်ယူတင်သွင်းလာကြောင်း Mobile Team အဖွဲ့မှ သိရသည်။ **ကျော်မြင့်အေး(ပြန်/ဆက်)**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာကေတအပိုင်း၊ ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ဧရာဝဏ်လမ်းမကြီးဘေး၊ မျက်နှာ၀ ပေ ၁၁၀၊ အနောက် ၈၅ပေ၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ၊ (ကျပ်သိန်း ၁၇၀၀၀)

ဆက်သွယ်ရန်ဖုန်း - ၀၁-၂၄၆၇၉၂၊ ၂၄၆၅၂၇၊ ၅၇၂၂၂၄၊ ၅၆၀၇၈၇၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

အမြန်ငှားမည်/ရောင်းမည်

[illegible] မြေ(၅)ဧက အမြန်ငှားမည်/ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၀၁၁၄၃၈

မြန်မာ A.G.T.I အသင်းနှင့်ဂျပန်နိုင်ငံ Sumitomo Corporation, Kinden Corporation တို့ ပူးပေါင်းဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ သင်တန်းကျောင်းအုပ်ရာထူးအတွက် ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များလျှောက်ထားနိုင်ပါသည်-

၁။ အသက် - (၄၀)နှင့်(၅၅)နှစ်ကြား အမျိုးသား
၂။ ပညာအရည်အချင်း - A.G.T.I (သို့မဟုတ်) BE
၃။ လုပ်ငန်းအတွေ့အကြုံ- အနည်းဆုံး(၁၀)နှစ်နှင့်အထက် စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။
၄။ အခြားအရည်အချင်း -
(က) ဘာသာစကား(အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်မှုရှိရမည်။)
(ခ) ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်၊ MS Office ကျွမ်းကျင်ရမည်။

မှတ်ချက်။ ။ CV များကို ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ဖော်ပြပါလိပ်စာသို့ ၁၀-၂-၂၀၁၄ရက် ညနေ ၄နာရီ နောက်ဆုံးထားပေးပို့ရပါမည်။ ရွေးချယ်ခံရသူအားနှစ်ပတ်အတွင်း ဂျပန်နိုင်ငံသို့ စေလွှတ်မည်ဖြစ်၍ သက်တမ်းရှိ Passport ကိုင်ဆောင်ထားသူများ ပိုမိုသင့်လျော်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- A.G.T.I အသင်းရုံး
ဦးခင်ဇ(ရုံးအဖွဲ့မှူး)
အမှတ်-၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၅၁၉၈၆၃

ဖခင်အမည်မှန်

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၊ စတုတ္ထတန်း(က)မှ မရှင်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ထွန်း ၁၂/သခန(နိုင်)၁၀၇၉၉၀ ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ဦးခင်ကြိုင် 12/Tha Kha Na (N) 015358 ၏ သွင်းကုန်ပါမစ် ISPIDVY8/13-14/16195(30/12/13) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၀၁၀၃၉၄၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်းကွင်း အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၄၁၄-အေ၊ ဦးပိုင်အမှတ် ၄၄၏တစ်စိတ်တစ်ဒေသ ဝဒသမ၀၇၇ ဧကခန့်ရှိမြေကွက်အားဦးသူရထွန်း ၁၂/ဗဟန(နိုင်)၀၈၇၃၂၀ မှ အထူးဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဉီးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

စာအုပ် စာပေ လူ့မိတ်ဆွေ

ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ လမ်းခင်းကျောက်ရွယ်စုံ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာ(၈၂)တန်၊ ဘိလပ်မြေ(ကြံ့တံဆိပ်)တန်၃၀၀နှင့် သံချောင်းရွယ်စုံတန်၂၀၊ လမ်းခင်းကျောက်ရွယ်စုံကျင်း ၃၂၀၀အား ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၅-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)
နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၊ သထုံမြို့
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၁-၂-၂၀၁၄ရက်(အင်္ဂါနေ့)
(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၁-၂-၂၀၁၄ရက်(အင်္ဂါနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်မောင်ကျော်ဝင်းလှိုင် ၁၄/ဘကလ(နိုင်)၁၇၀၀၉၈နှင့်ဇနီး မဆွေမြတ်မော် ၁၂/ဒဂတ(နိုင်)၀၉၀၁၁၈တို့သည် စိတ်သဘောချင်းမတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ နောက်နောင်ငွေနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ကျော်ဝင်းလှိုင် ၁၄/ဘကလ(နိုင်)၁၇၀၀၉၈

အခြေခံစိုက်ပျိုးရေး သင်တန်းဖွင့်

ဗန်းမော် ဖေဖော်ဝါရီ ၄

ကျေးလက်စိုက်ပျိုးရေး အကျိုးဆောင်များအတွက် အခြေခံစိုက်ပျိုးရေးသင်တန်းကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ရည်ရွယ်

အဆိုပါသင်တန်းကို ဗန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် (UNDP)တို့မှ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်း၏အဓိကရည်ရွယ်ချက်သည် ယခုသင်တန်းဆင်းမည့် စိုက်ပျိုးရေးအကျိုးဆောင်များမှတစ်ဆင့် လက်ဆင့်ကမ်းပြီး ကျေးလက်လူထုသို့ ပြန်လည်လက်တွဲဖော်ဆောင်နိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

ပြောကြား

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်အမတ် ဦးထွန်းရှင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကြီး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင် (UNDP) မြို့နယ်တာဝန်ခံ ဦးရန်နိုင်ထွန်းတို့က အမှာစကားပြောကြားကြသည်။

(၁၂၈)

ကျန်းမာ၊ ပညာဘက်စုံကို ဖွံ့ဖြိုးစေလို၊ အခွန်ကို မှန်မှန်ကန်ကန် ဆောင်စေလို

လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာတရားစီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာတရားစီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ သဘာပတိအဖြစ် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက အလုပ်ရုံဆွေးနွေးပွဲ ရည်မှန်းချက်များကို ရှင်းလင်းတင်ပြကာ AAPTIP တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲ လုပ်ငန်းစဉ်နှင့် မျှော်မှန်းရလဒ်များ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်နွှယ်သော မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမေရိကန်သံရုံး၊ ဩစတြေးလျသံရုံး၊ Asean Secretariat Office, UNICEF, IOM, UNIAP, AAPTIP, World Vision Myanmar, Save the Children Myanmar, Kayin Baptist Convention, Human Rights Defenders and Promoters, The Warnath Group (Myanmar-US TIP Project)တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာတရားစီရင်ရေးကဏ္ဍနှင့် ဆက်နွှယ်သော မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများရှင်းလင်း

လူသွားပလက်ဖောင်းပေါ် တိုးချဲ့အကာအရံများ ဖျက်သိမ်းဖြုတ်သိမ်း

ရန်ကုန် ဖေဖော်ဝါရီ ၄

လမ်းမတော်မြို့နယ် (၂)ရပ်ကွက် ကမ်းနားလမ်းမ (၆)လမ်းထိပ် လူသွားပလက်ဖောင်းပေါ်တွင် အုတ်ခုံ တိုးချဲ့ခြင်း၊ သံပန်းအရံအတား ကာရံတားမြစ်ခြင်းတို့ကြောင့် လမ်းသွားလမ်းလာများ ကားလမ်းမပေါ် တက်ရောက်၍ သွားလာနေရကြောင်း နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာတွင်ဖော်ပြလာပြီးနောက် ယင်းအကာအရံများ ဖြုတ်သိမ်းခြင်း၊ တိုးချဲ့ထားသော အုတ်ခုံပိုင်းကို ဖျက်သိမ်းခြင်းတို့ ပြုလုပ်လာကြောင်း၊ ယခုအခါ ယင်းအဆောက်အအုံရှေ့ လူသွားပလက်ဖောင်းပေါ်မှ လမ်းသွားလမ်းလာများ ဖြတ်သန်းသွားလာနေသည်ကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက မြင်တွေ့ခဲ့ရသည်ဟု အဆိုပါနေရာသို့ ရောက်ရှိသူတစ်ဦးက ဆိုသည်။

အများပြည်သူ သွားလာရေး အဆင်မပြေစေမှုများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြလာပြီးနောက် အရေးယူဆောင်ရွက်မှုများကိုပါ ခံစားလာရသဖြင့် အများပြည်သူများအနေဖြင့် သတင်းမီဒီယာများအပေါ် ယုံကြည်အားကိုးသည့်စိတ်များ ဖြစ်ပေါ်လာရသည်ဟု လမ်းမတော်မြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ အရေးယူဆောင်ရွက်ပေးမှုကြောင့် လမ်းမတော်မြို့နယ်အတွင်း အများပြည်သူဆိုင်ရာနေရာများတွင် ပိတ်ဆို့ကာရံမှုများ လျော့နည်းသွားနိုင်ပြီး အများပြည်သူသွားလာရေးတွင် လွယ်ကူမှုများရှိလာစေသည်ဟု ခရီးသွားလာသူများက ဆိုသည်။

ခင်ဆိုင်

သက်ဆိုင်သူများကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၂)ရပ်ကွက်၊ မြေကွက်အမှတ် ၉၇၈၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဗိုလ်ကြီးအောင်စိုး ၁၂/မဂဒ(နိုင်)၀၇၇၄၅၅အမည်ပေါက် မြေချပါမစ်မြေကွက်အား မိမိဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟုပြောဆိုလာသူ ဒေါ်ဒီဇင်ဘာဝင်း ၁၂/ဒဂတ(နိုင်)၀၄၄၁၃၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)

လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ

အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လှလှမြင့် ၁၂/ကမရ(နိုင်)၀၂၀၆၁၀ လိုင်စင်အမှတ် ISPIDV8 13.14 34380 (6.11.2013) (Honda Civic Model 2008) (Engine Power 1300 CC) (CIF USD 5000) ၄င်း အချက်များပါ ကားသွင်းကုန်ပါမစ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၁၁၂၇၂၅၂

ပျောက်ဆုံးကြောင်း

အရှင်သုမင်္ဂလ ၇/ပခန(သ)၀၀၃၂၁၅ ၏ပတ်စ်ပို့နံပါတ် M-868743 မှာ ခရီးသွားရင်းပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၆၉၆၈၁

အမြန်ပြန်လာပါ

မောင်အောင်သူ မိသားစုအားလုံးစိတ်ပူနေသည်။ အဖေနေမကောင်းသဖြင့် အမြန်ပြန်လာပါ။ ကိစ္စအားလုံးကို ခွင့်လွှတ်သည်။

ဦးလှအောင်-ဒေါ်ရွှေချုပ်

ညောင်နီကျင်းတောင်ရွာ

သားအဖြစ်မှစွန့်လွှတ်ခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ နဂါးရုံကားဆိပ်နေ အဖ ဦးတင်ထွန်း ၉/တကန(နိုင်) ၁၄၅၆၀၉၊ အမိ ဒေါ်ကြည်ရွှေ ၉/တကန(နိုင်)၁၄၅၈၀၁တို့၏သား မောင်အေးမင်းအောင် ၉/တကန(နိုင်)၂၁၅၉၅၁ သည် မိဘများ၏သွန်သင်ဆုံးမမှုကို မနာခံခြင်း၊ ဆွေမျိုးများ၏သိက္ခာကျစေရန် အကြိမ်ကြိမ်ဆောင်ရွက်ခြင်းတို့ကြောင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဖ ဦးတင်ထွန်း

အမိ ဒေါ်ကြည်ရွှေ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အောင်လင်းဦး ၁၂/ဥကတ(နိုင်)၁၃၇၀၀၀ သည် မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

မိခင် - မသန်းသန်းစု

နိုင်ငံတကာအားကစားသတင်း

အိမ်ကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ် အောင်ပွဲခံနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ လီဗာပူးနဲ့ အာဆင်နယ်တို့ပွဲစဉ်က အကြိတ်အနယ်ရှိမှာဖြစ်ပြီး ရသစုံပေးမယ့်ပွဲအဖြစ် အသုံးတော်ခံပါလိမ့်မယ်။ ချယ်လ်ဆီးတို့ကတော့ အိမ်ကွင်းမှာ နယူးကာဆယ်ကို လက်ခံကစားရမှာဖြစ်လို့ ရမှတ်ပြည့် သိမ်းပိုက်နိုင်ရေး ကြိုးစားမှာဖြစ်သလို မန်စီးတီးတို့ကလည်း အဝေးကွင်းမှာ အားထည့်ရဖို့ရှိနေပါတယ်။

လီဗာပူးနှင့် အာဆင်နယ်

ဆွာရက်ဇ်ရဲ့ အားထုတ်မှုတွေနဲ့ မျက်နှာပန်းလှနေတဲ့လီဗာပူးဟာ အခုပွဲ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ အာဆင်နယ်ဟာ ပရီမီယာလိဂ်ဖလားကို မျှော်မှန်းချက်ကြီးကြီးထားရှိနေတာမို့ လီဗာပူးကိုအနိုင်ရအောင် ပြင်ဆင်ပါလိမ့်မယ်။ နည်းပြအာစင်ဝင်းဂါးကတော့ သူ့ရဲ့အာဆင်နယ်တပ်ဖွဲ့ကို အကောင်းဆုံးပုံစံနဲ့ ပွဲထွက်နိုင်ဖို့စီစဉ်နေပြီး အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားနိုင်တဲ့ပုံစံကို ထက်မြက်တဲ့တိုက်စစ် ပေါင်းစပ်ပြီး လီဗာပူးထံက အမှတ်ရအောင်ယူဖို့ ကြိုးစားမှာ သေချာပါတယ်။

ချယ်လ်ဆီးနှင့် နယူးကာဆယ်

မန်စီးတီးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ယူထားတဲ့ ချယ်လ်ဆီးတို့က အခုပွဲ အိမ်ကွင်းမှာ အမှတ်သုံးမှတ်အပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ချယ်လ်ဆီးဟာ ဒီနှစ် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ရေးပစ်မှတ်ထားနေတာမို့ နည်းပြမော်ရင်ဟိုဟာ အဆုံးသတ်သေချာတဲ့ တိုက်စစ်ကို ခင်းကျင်းပါလိမ့်မယ်။ နယူးကာဆယ်ဟာလျှော့တွက်လို့မရတဲ့အသင်းဖြစ်တာမို့ အမာခံကစားသမားတွေ အစုံအလင်နဲ့ သေသေချာချာ အားထည့်ကစားမှာမို့ အိမ်ရှင်တို့အတွက် ဒီပွဲဟာ အမှတ်အပြည့်ပါ။

နော့ဝှစ်ချ်နှင့် မန်စီးတီး

နော့ဝှစ်ချ်ဟာ အိမ်ကွင်းမှာ အသင်းကြီးတွေကို အခက်အခဲတွေ့အောင် ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ နော့ဝှစ်ချ်ရဲ့ အားနည်းချက်က ကွင်းလယ်ဖြစ်ပြီး မန်စီးတီးတိုက်စစ်ကို ကွင်းလယ်က ဖြတ်တောက်ဟန့်တားဖို့ ခက်ခဲပါလိမ့်မယ်။ အမှတ်လိုအပ်ပြီး နိုင်ပွဲဆာလောင်နေတဲ့ မန်စီးတီးဟာ နော့ဝှစ်ချ်ကို လျှော့မတွက်ဘဲ ကစားမှာမို့ အိမ်ရှင်ဟာ တစ်မှတ်ရဖို့တောင် ခဲယဉ်းပါလိမ့်မယ်။ မန်စီးတီးဟာ ရှန်းကန်အားကောင်းတာမို့ သုံးမှတ်ပိုက်ပြီး အိမ်ပြန်ပါလိမ့်မယ်။

ဆောက်သမ်တန်နှင့် စတုတ်

မန်ယူကို ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ကွပ်ခဲ့တဲ့ စတုတ်ကို ဆောက်သမ်တန်တို့ ပေါ့ပေါ့ဆဆ ကစားရင် ခံစားသွားရပါလိမ့်မယ်။ ဆောက်သမ်တန်ဟာ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်ပြီး နိုင်ပွဲလည်း လိုအပ်နေတာမို့ စတုတ်ကို ဒီပွဲမှာ အမှတ်မပေးဘဲ အိမ်ပြန်လွှတ်ပါလိမ့်မယ်။ ဒါပေမယ့် စတုတ်တို့ကလည်း အမှတ်ရအောင် ကြိုးစားမှာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။

ဆွမ်ဆီးနှင့် ကာဒစ်

ဆွမ်ဆီးတို့လည်း ခြေစွမ်းအတက်အကျရှိနေတာမို့ ဒီပွဲမှာ ကာဒစ်ကို ရင်ပူစွာနဲ့ ကစားရပါလိမ့်မယ်။ ဆွမ်ဆီးဟာ အိမ်ကွင်းမှာ အမှတ်ရအောင် ယူနိုင်တဲ့ခြေစွမ်းရှိနေတာမို့ ကာဒစ်တို့လည်း ဒီပွဲမှာ သိပ်တော့မလွယ်ပါဘူး။ အားထားရတဲ့ တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုကြောင့် အိမ်ရှင်ဟာ ရလဒ်ကောင်းကို ရယူနိုင်ပါလိမ့်မယ်။ ။

နိုင်ငံတကာ ပြည်တွင်းဖလားပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

အင်္ဂလန်အက်ဖ်ေအဖလား			**ဖေဖော်ဝါရီ ၆**
ပရက်စတန်	-	နော်တင်ဟမ်	နံနက် ၂း၁၅
ပြင်သစ်ရှုံးထွက်ဖလား			**ဖေဖော်ဝါရီ ၆**
လိုင်ယွန်	-	ထရိုယက်စ်	နံနက် ၂း၂၅
အီတလီကိုပါအီတာလီယာ			**ဖေဖော်ဝါရီ ၆**
ရိုးမား	-	နာပိုလီ	နံနက် ၂း၁၅
စပိန်ကိုပါဒယ်ရေးဖလား			**ဖေဖော်ဝါရီ ၆**
ရီးရဲမက်ဒရစ်	-	အက်သလက်တီကို	နံနက် ၁း၃၀
ဘာစီလိုနာ	-	ဆိုစီဒက်	နံနက် ၃း၃၀

ရိုးမား Vs နာပိုလီ

ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမကျော့ပွဲစဉ်ကို ရိုးမားတို့အိမ်ကွင်းတွင် လက်ခံကစားရမှာဖြစ်ပါတယ်။ စီးရီးအေတွင် ရိုးမားအသင်းဟာ ရမှတ်၅၀နဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပြီး နာပိုလီမှာ ရမှတ်၄၄မှတ်နဲ့ အဆင့်(၃)မှာရှိနေပါတယ်။ ရိုးမားဟာ ဒီရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးလို့ အိမ်ကွင်းမာကျောမှုရှိပါတယ်။ စီးရီးအေတွင် ရိုးမားတို့ ဂျူဗင်တပ်စ်နဲ့ ကိုးမှတ်ကွာနေလို့ ဖလားမှန်းဖို့အခက်အခဲရှိနေပါတယ်။ ဖလားတစ်လုံးရဖို့ အီတာလီယာဖလားကို အဓိက ပစ်မှတ်ထားပြီး ပထမကျော့မှာ အိမ်ကွင်းရလဒ်ကောင်းတွေ ဆက်ထိန်းနိုင်မှာဖြစ်လို့ ရောမသားတွေ အောင်ပွဲခံနိုင်မှာပါ။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၁၈.၁၀.၂၀၁၃	ရိုးမား	၂-၀	နာပိုလီ
၁၉.၅.၂၀၁၃	ရိုးမား	၂-၁	နာပိုလီ
၆.၁.၂၀၁၃	နာပိုလီ	၄-၁	ရိုးမား
၂၈.၄.၂၀၁၂	ရိုးမား	၂-၂	နာပိုလီ
၁၈.၁၂.၂၀၁၁	နာပိုလီ	၁-၃	ရိုးမား

ရိုးမား — **နောက်ဆုံးအိမ်ကွင်းငါးပွဲရလဒ်**

ရိုးမား	၃-၀	လီဗော်နို
ရိုးမား	၄-၀	ဂျီနိုအာ
ရိုးမား	၄-၀	ကာတာနီးယား
ရိုးမား	၂-၁	ဖီအိုရင်တီးနား
ရိုးမား	၀-၀	ကက်ဂလီယာရီ

နာပိုလီ — **နောက်ဆုံးအဝေးကွင်းငါးပွဲရလဒ်**

အတ္တလန္တာ	၃-၀	နာပိုလီ
ဘိုလော့ဂ်နာ	၂-၂	နာပိုလီ
ဗီရိုနာ	၀-၃	နာပိုလီ
ကက်ဂလီယာရီ	၁-၁	နာပိုလီ
လာဇီယို	၂-၄	နာပိုလီ

ဒေးဗစ်ဗီလာ ရီးရဲနှင့်ပွဲ လွဲနိုင်

အက်သလက်တီကို တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ပြိုင်ဘက်ရီးရဲမက်ဒရစ်နှင့် ဗုဒ္ဓဟူးနေ့တွင်ကစားမည့် ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ဒဏ်ရာရနေသဖြင့် ပါဝင်ရန်မသေချာပေ။ အသက် ၃၂ နှစ်ရှိ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် အက်သလက်တီကိုက ဆိုစီဒက်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲတွင် ပေါင်ဒဏ်ရာရပြီး ထွက်ခဲ့ရသည်။ တိုက်စစ်မှူး စီရိုနယ်ဒိုသည် ဘီဘာအိုနှင့်ပွဲ အနီကတ်ပြခံရသော်လည်း ပါဝင်ဖွယ်ရှိသည်။ စီရိုနယ်ဒိုသည် ယင်းအနီကတ်ကြောင့် တစ်ပွဲသာ ပိတ်ပင်ခံရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်က ပေါင် ၈၈ သန်းဖြင့် ခေါ်ယူခဲ့သည့် ဂါရက်ဘေးသည် ဒဏ်ရာရရှိထားသော်လည်း ပြန်လည်ပါဝင်လာဖွယ်ရှိသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ၁၃ ပွဲသာ ကစားရသေးသည်။

မန်စီးတီးကွင်း ချယ်လ်ဆီး ပထမဆုံးနိုင်

ပရီမီယာလိဂ် ထိပ်သီးပြိုင်ဘက်နှစ်သင်းဖြစ်သည့် မန်စီးတီးနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ချယ်လ်ဆီးက ယခုနှစ်ရာသီတွင် မန်စီးတီးအိမ်ကွင်း၌ ပထမဆုံးအနိုင်ရလိုက်ခြင်းဖြစ်သည်။

ရင်ဆိုင်

မန်စီးတီးအသင်းသည် ချယ်လ်ဆီးသို့သွားရောက်မကစားမီ ယခုနှစ် အိမ်ကွင်း ၁၁ ပွဲတွင် ၁၀ ပွဲအနိုင်ရရှိထားသည်။ ယင်းပွဲတွင် ချယ်လ်ဆီးတို့ အနိုင်ရလိုက်သဖြင့် မော်ရင်ဟို၏ အသင်းသည် အာဆင်နယ်ကိုကျော်ပြီး ဇယားထိပ်ရောက်ရန် နီးလာပြီဖြစ်သည်။ အီဗန်နိုဗစ်၏ ပထမပိုင်း သွင်းယူသောဂိုးဖြင့် ချယ်လ်ဆီးက

အနိုင် ယူခဲ့သည်။ တိုက်စစ်အား အကောင်းဆုံးအသင်း တစ်သင်းဖြစ်သည့် မန်စီးတီးအသင်းသည် ၂၀၁၀ ခုနှစ်နို ဝင် ဘာ လနောက်ပိုင်း ပထမဆုံးအိမ်ကွင်းရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

ကောင်းမြတ်သူ စုစည်းသည်

နယူးကာဆယ် ဒါရိုက်တာ နုတ်ထွက်

နယူးကာဆယ်အသင်း ဒါရိုက်တာ ဂျိုးကင်နီယားသည် ရှစ်လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် နုတ်ထွက်သွားသည်။ အသက် ၆၇ နှစ်အရွယ်ရှိ အဆိုပါ နယူးကာဆယ်အသင်း ဒါရိုက်တာသည် နည်းပြအလန်ပါဂျူးကိုကျော်ဖြတ်ပြီး လုပ်ပိုင်ခွင့်ရရှိထားသူဖြစ်သည်။ နယူးကာဆယ်အသင်းသည် အဆိုပါ ဒါရိုက်တာ တာဝန်ထမ်းဆောင်စဉ်အတွင်း အမြဲတမ်းကစားသမားတစ်ဦးမျှ ခေါ်ယူနိုင်ခဲ့ခြင်းမရှိပေ။ နယူးကာဆယ်အသင်းသည် စနေနေ့က ဆန်းဒါးလန်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ နယူးကာဆယ်က တိုက်စစ်မှူး ယိုဟမ်းကာဘာရီကို ပေါင် ၁၉ သန်းဖြင့် ပီအက်စ်ဂျီသို့ ရောင်းထုတ်ပြီးနောက် ရလဒ်များပိုမိုဆိုးရွားလာခဲ့သည်။



အမည်ပြောင်း

ဦးဇော်မျိုးနိုင်၏သမီး မဟာနွယ်ကိုယ်ပိုင်မူလတန်းကျောင်း မူလတန်းမှ မအိအိကောင်းမြတ်အား မလင်းလက်ကြည်ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းလက်ကြည်

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက် ၉၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၄၃(က)၊ အကျယ်အဝန်း (အလျား ပေ၂၀× အနံ ပေ၆၀)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၃လမ်း၊ အမှတ် ၈၄၃(က)ဟု ခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးအေးသောင်း ၁၂/ဥကတ(နိုင်)၀၃၀၃၄၄ အမည်ဖြင့် အမည်ပေါက်ထားပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၇၃၈/၂၀၁၃ အရ ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူဇင် ၇/နတလ(နိုင်)၀၀၄၀၇၀ နှင့် ၁-၂-၂၀၁၄ရက်စွဲပါ စာချုပ်အရ ဝယ်ယူထားသူ ဒေါ်စုစုဇင် ၁၂/ဗဟန(နိုင်)၀၅၅၀၀၀ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L **အထက်တန်းရှေ့နေ**

အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

Fax & Ph- ၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **ကမာရွတ်မြို့နယ်အတွင်းရှိ ဗဟိုလမ်းတွင် ယခင်က မထသယာဉ် (၂၀၄/ ၁၀၇)လိုင်းကားများ ပြေးဆွဲခဲ့ပြီး လက်ရှိအခြေအနေတွင်(၂၀၄) ယာဉ်လိုင်း တစ်လိုင်းသာ ပြေးဆွဲနေ၍ (၂၀၄)ယာဉ်လိုင်းအား ယာဉ်စီးရေ တိုးချဲ့ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကမာရွတ်မြို့နယ်အတွင်းရှိ ဗဟိုလမ်းတွင် ယခင်က မထသယာဉ်လိုင်း (၂၀၄/၁၀၇)လိုင်းတို့ ပြေးဆွဲခဲ့ပါသည်။ ရန်ကုန် အနောက်ပိုင်းခရိုင် မထသစီမံမှုအောက်ရှိ ၁၀၇ (အဖြူ)ဒိုင်နာယာဉ်လိုင်းသည် အင်းစိန်ရွာမ(ဂိတ်ရင်း)မှ မင်းကြီးလမ်း-အင်းစိန်-ပန်းခြံ-ဗဟိုလမ်း-အုတ်ကျင်း-အထက်ကြည့်မြင်တိုင်လမ်း(လှည်းတန်း)-အောက်ကြည့်မြင်တိုင်လမ်း (ဟုမ်းလမ်း)-ဗဟိုအမျိုးသမီးဆေးရုံ(ဂိတ်ဖျား)သို့ ပြေးဆွဲလျက်ရှိရာတွင် ယာဉ်စီးရေ ခြောက်စီးခန့်သာရှိပြီး တစ်နေ့လျှင် ပျမ်းမျှ နှစ်စီးခန့်သာ ထွက်ရှိနိုင်ပါသည်။ ခရီးသည်သယ်ဆောင်မှု အားနည်းလာသဖြင့် ယာဉ်ပိုင်ရှင်များက ဖျက်သိမ်းခွင့် တင်ပြထားသည့်လိုင်းဖြစ်ပါသည်။ မထသ(ရန်ကုန်တိုင်းဒေသကြီး)၏ စီမံမှု အောက်ရှိ ၂၀၄ ယာဉ်လိုင်းသည် စာရင်းရှိ ယာဉ် (၅၄)စီးဖြင့် ၂၀၄ မီနီဘတ်စ် ယာဉ်လိုင်းအား သမိုင်းဘူတာရုံလမ်း(ဂိတ်ရင်း)မှ ဗဟိုလမ်း-ဗားကရာလမ်း-မြေနီကုန်း-ရွှေတိဂုံဘုရားလမ်း-ကမ်းနားလမ်း-ဗိုလ်တထောင်ဘုရားလမ်း-သန်လျက်စွန်း(ဂိတ်ဖျား)သို့ ယာဉ်စီးရေ (၃၆)စီးဖြင့်လည်းကောင်း၊ ၂၀၄ မီနီဘတ်စ် ယာဉ်လိုင်းအား အင်းစိန်ပေါက်တောဝမှ တာမွေ(အာသောက)သို့ ယာဉ်စီးရေ (၁၈)စီးဖြင့်လည်းကောင်း ယာဉ်လိုင်းနှစ်လိုင်းခွဲ၍ ပြေးဆွဲလျက်ရှိပါသည်။ ကမာရွတ်မြို့နယ် ဗဟိုလမ်းသို့ ပြေးဆွဲသော ၂၀၄ မီနီဘတ်စ်(သမိုင်းဘူတာရုံ-သန်လျက်စွန်း)ယာဉ်လိုင်းတွင် ယာဉ်စီးရေ(၃၆)စီး၊ ထွက်ကားစီးရေ (၃၀)စီးခန့်ဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။ ခရီးသွားပြည်သူလူထု ပိုမိုအထောက်အကူပြုရန် ယာဉ်စီးရေတိုးချဲ့ခွဲဝေပြေးဆွဲလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မြို့ပတ်ရထားကို လက်ရှိတွဲဆိုင်းအသစ်များ ချထားပြေးဆွဲခဲ့သော်လည်း တွဲဆိုင်းအဟောင်းများ ဆက်လက်ပြေးဆွဲပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်းများအနေဖြင့် (၅-၁၀-၂၀၁၃)ရက်အထိ **RBE Air Con** တွဲဆိုင်းတစ်ဆိုင်း ထပ်မံတိုးချဲ့ပြေးဆွဲခြင်း၊ (၁-၁၁-၂၀၁၃)ရက်နေ့နှင့် (၁-၁-၂၀၁၄)ရက်နေ့တို့တွင် မြစ်ငယ်စက်ရုံမှ အသစ်တည်ဆောက်သော တွဲဆိုင်းအသစ် နှစ်ဆိုင်း (၉ နှင့် ၈)တို့ဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲခဲ့ရာ ယနေ့အထိ စုစုပေါင်း တွဲဆိုင်း (၂၃)ဆိုင်းနှင့် ပြေးဆွဲခေါက်ရေ (၂၁၅) စုစုပေါင်း (၁၀၅) တွဲတို့ဖြင့် တိုးချဲ့ပြေးဆွဲလျက်ရှိပါသည်။ မြစ်ငယ်စက်ရုံမှ အသစ်တည်ဆောက်သောတွဲများ ထပ်မံရရှိပါက တွဲဆိုင်းအသစ်များဖြင့် အစားထိုးပြေးဆွဲသွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေအရ ရန်ကုန်မြို့၏ မြို့ပြသယ်ယူပို့ဆောင်ရေးလိုအပ်ချက်အပေါ် တွဲဆိုင်းအဟောင်းဖြင့် ဆက်လက်ပြေးဆွဲခြင်းရှိနေပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ဘုရင့်နောင်လမ်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရန်အတွက် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြကန်သာလမ်းထိပ် ဗဟိုလမ်းဘက်အခြမ်းမှ မီးရထားသံလမ်းအားဖြတ်သန်း၍ လမ်းဖောက်နိုင်ရေးအတွက် အစီအစဉ်ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်။ အဆိုပါ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာသည် (၁၉၉၇-၉၈)ခုနှစ်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အိုလံပစ်ကုမ္ပဏီ တို့ အကျိုးတူဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် ရထားလမ်းခုံးကျော် တံတား ၂၄ ခုရှိပြီး Level Crossing (၂၅)ခုရှိပါသည်။ မြို့ပတ်ရထားတစ်စင်းသည် မြို့ပတ်ရထားလမ်း ၂၉ ဒသမ ၅ မိုင်ကို သုံးနာရီခန့် မောင်းနေရပါသည်။ ဘူတာများ ၃၈ ဘူတာရှိပြီး တစ်ဘူတာနှင့် တစ်ဘူတာ အလွန်နီးခြင်း၊ Level Crossing များခြင်းကြောင့် ရထားများမြန်နှုန်းမြင့် သွားနေသဖြင့် Level Crossing များကို ဖြတ်သိမ်းရန် စီစဉ်နေရပါသည်။ ယခုတောင်းဆိုသောနေရာတွင် Level Crossing သို့မဟုတ် ခုံးကျော်တံတား လို/မလိုသည် Grater Yangon အစီအစဉ်နှင့် ဆက်စပ်၍ ညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ဘုရင့်နောင်လမ်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရန် လှိုင်မြို့နယ်ရှိ အမှတ် (၅)ရပ်ကွက်၊ မြကန်သာလမ်းထိပ်နှင့် ဗဟိုလမ်းဘက်အခြမ်းကို မီးရထားသံလမ်းကို ဖြတ်သန်း၍ လမ်းဖောက်သင့်၊ မဖောက်သင့်နှင့် ခုံးကျော်တံတား တည်ဆောက်သင့်၊ မဆောက်သင့်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်အပြီး Survey ပြုလုပ်သုံးသပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ရန်ကုန်မြို့တွင် ပြေးဆွဲနေသော မထသလက်အောက်ခံယာဉ်လိုင်းများတွင် ရုံးချိန်အတွင်း အမျိုးသမီးသီးသန့်ဘတ်စ်ကားများ စီစဉ်ပေးရေး မေးမြန်းချက်နှင့် ပတ်သက်၍** ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်များတွင် ရုံးတက်/ရုံးဆင်းချိန်များအတွင်း အမျိုးသမီးသီးသန့် ဘတ်စ်ကားများပြေးဆွဲရန် မေးမြန်းလာမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်သည် ၁၄-၂-၂၀၁၃ ရက်မှစ၍ အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၁၀ နာရီထိ ညနေ ရုံးဆင်းချိန် ၄ နာရီမှ ၇ နာရီထိ၊ ယာဉ်လိုင်းငါးလိုင်းမှ တစ်လိုင်းလျှင် ယာဉ်နှစ်စီးနှုန်းဖြင့် စုစုပေါင်း ၁၀ စီး စမ်းသပ်ပြေးဆွဲခဲ့ပါသည်။ ပြေးဆွဲခဲ့သည့်လိုင်းနှင့် အစီးရေများမှာ အဓိပတိ(အနီ)နှစ်စီး၊ အဓိပတိ(အဝါ)နှစ်စီး၊ အဓိပတိ(အပြာ) နှစ်စီး၊ ပါရမီ (၁၇၆) နှစ်စီး၊ ပါရမီ (၁၇၇) နှစ်စီး စုစုပေါင်း ၁၀ စီးဖြစ်ပါသည်။ သို့သော်လည်း ၎င်းမော်တော်ယာဉ်များတွင် စီးနင်းသူ အမျိုးသမီးများသည် မရှိသလောက်နည်းပါးခြင်း၊ မိသားစုအလိုက်ခရီးသွားလာရာတွင် အခက်အခဲရှိခြင်း၊ အမျိုးသား၊ အမျိုးသမီးအတူတကွ ကားတစ်စီးတည်းစီးနိုင်ရန် အခက်အခဲရှိခြင်း၊ သတင်းမီဒီယာများနှင့် လူ့အခွင့်အရေးအဖွဲ့များမှ အမျိုးသား/အမျိုးသမီးခွဲခြားမှုအပေါ် ဝေဖန်မှုရှိလာခြင်း၊ အမျိုးသမီး ခရီးသည်များအနေဖြင့် အခြားရွေးချယ်စီးနင်းရန် ယာဉ်အများအပြားရှိသဖြင့် အချိန်ကန့်သတ်ချက်ကြောင့် အမျိုးသမီးသီးသန့်ယာဉ်များကို အချိန်ယူ စောင့်ဆိုင်းစီးနင်းမှုမရှိခြင်း၊ စီးနင်းသူနည်းပါးသည့်အတွက် လပေါင်းများစွာ ဝင်ငွေနည်းပါးနေခြင်းကြောင့် အမျိုးသမီးသီးသန့်ယာဉ်လိုင်းပြေးဆွဲမှုကို ခြောက်လခန့်ပြေးဆွဲပြီး ရပ်နားခဲ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ တွင် ခရီးသွားပြည်သူများ၊ ရဟန်း၊ သံဃာများ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများသည် မော်တော်ယာဉ်များဖြင့် မြို့တွင်း၊ မြို့ပြင်သို့ စီးနင်းသွားလာနေကြရာတွင် ခရီးသည်များ သိပ်သည်းစွာ စီးနင်းရခြင်း၊ ယင်းကဲ့သို့ သိပ်သည်းစွာ စီးနင်းရခြင်းကြောင့် အမျိုးသမီးနှင့် အမျိုးသားများပါ ကာယိန္ဒြေထိပါးမှု ဖြစ်ပေါ်သဖြင့် ယင်းကဲ့သို့ ကာယိန္ဒြေ ထိပါးမှုကို တစ်စိတ်တစ်ဒေသအားဖြင့် ကူညီစောင့်ရှောက်နိုင်ရန်အလို့ငှာ အမျိုးသမီးသီးသန့်ယာဉ်လိုင်း သီးသန့်ယာဉ် ၁၀ စီးကို စမ်းသပ်ပြေးဆွဲစေခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေကြသော မော်တော်ယာဉ်များသည် ပုဂ္ဂလိကမော်တော်ယာဉ်များကိုစုစည်းပြီး စီမံဆောင်ရွက်နေသည့်အနေအထားဖြစ်ပါသောကြောင့် ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရ အမျိုးသမီးသီးသန့်ယာဉ် ပြေးဆွဲနိုင်ရန် ဆန္ဒပြုတင်ပြမှုရှိပါက ၎င်းတို့ ပြေးဆွဲမှုအနေအထားနှင့် လက်ရှိ ပြေးဆွဲနေမှုအနေအထားကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွန်ကရစ်တံတားတည်ဆောက်

သီပေါ ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေ/တိန်းစံကျေးရွာအုပ်စုအတွင်းရှိ ကွန်ကျောင်း၊ နောက်ကတ်၊ တိန်းချေ/တိန်းစံ ကျေးရွာများမှ မြို့ပြသို့အရောက် နှစ်မိုင်ခန့်ရှိ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်း၊ ကျေးရွာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျေးလက်ဒေသ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာထွက် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်သီးနှံနှင့် အခြားခြံထွက်သီးနှံများကို ကျောက်မဲ၊ လားရှိုး၊ အခြားဒေသများနှင့် နယ်စပ်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လယ်သမားများ၊ ခြံရှင်တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ဆဋ္ဌမအကြိမ် မန္တလေးအဖေနေ့ ပြိုင်ပွဲဝင်စာမူဖိတ်ခေါ်

မန္တလေး ဖေဖော်ဝါရီ ၄

ဆဋ္ဌမအကြိမ်မြောက် "မန္တလေးအဖေနေ့"အခမ်းအနားကို လာမည့် မတ်လ ၁၉ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းကြီး သာသနာ့ဗိမာန် (ဦးလှသိန်းဗိမာန်)၌ ကျင်းပမည်ဖြစ်သည်။

အလွတ်တန်းဝတ္ထုတိုပြိုင်ပွဲ၊ အလွတ်တန်းကဗျာရှည်ပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသည့် ပြိုင်ပွဲဝင်ဝတ္ထုတို၊ ကဗျာရှည်စာမူများကို ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ဦးဖုန်းမြင့်အောင် အဖေနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ် ၄၁၊ ၆၉ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်း မန္တလေးတက္ကသိုလ်အရှေ့ဘက် မန္တလေးမြို့နှင့် ထွန်းခိုင်စာပေ ၈၄ လမ်းနှင့် ၂၉ လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၉-၂၀၆၀၀၅၃ သို့ ဆက်သွယ် မေးမြန်းနိုင်ပြီး သတ်မှတ်ရက်အမီပေးပို့ရမည်ဖြစ်၍ ပြိုင်ပွဲဝင်မည့်သူများသည် ပြိုင်ပွဲဝင်စာမူနှင့်အတူ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်များ ဖော်ပြပါရှိပေးရမည်ဖြစ်သည်။

ခင်ခင်ဝင်း(ပညာရေး)

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၃) အကြီးစားစက်ရုံ (မကွေး)အတွက် အောက်ဖော်ပြပါ ပစ္စည်း(၁)မျိုးအား CIF (Yangon)နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (U.S. Dollor)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Steel Round Bar 8620H (Assorted Size)	29.88 Tons	06/No(1)HIE/2013-2014/RM

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၅-၂-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁၉-၂-၂၀၁၄ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ငွေကြာရုံဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပဌာန်းမြားရတု ဝိဇာတမင်္ဂလာ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ငွေကြာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ) ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပဌာန်းမြားရတုမွေးနေ့ (ဝိဇာတမင်္ဂလာ)ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းအား သိစေအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၂ ရက်၊ (၂-၃-၂၀၁၄ ရက်) တနင်္ဂနွေနေ့
အချိန် - နံနက် ၉ နာရီမှ ၁၁ နာရီအထိ
နေရာ - ငွေကြာရုံပရိယတ္တိစာသင်တိုက်၊ ၁၃ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြုကျောင်းသား ကျောင်းသူများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်၊ စနေနေ့ နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သမိုင်းအထူးပြုကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ သမိုင်းဌာန ဖုန်း-၀၁-၅၃၆၉၉၆၊ ဦးမောင်မောင်ကြွယ် ဖုန်း-၀၉-၇၃၆၃၆၆၆၆၊ ဦးဝင်းနိုင် ဖုန်း-၀၉-၂၅၀၁၃၅၅၆၇၊ ဦးဉာဏ်ဝင်း ဖုန်း-၀၁-၂၀၃၁၅၄၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂၊ ဦးမျိုးမြင့် ဖုန်း-၀၉-၅၀၂၅၁၁၆၊ ဒေါ်မေရီလွန်ပုမ် ဖုန်း-၀၉-၅၁၂၄၀၈၇၊ ဒေါက်တာမိုမိုသန့် ဖုန်း-၀၉-၅၁၂၅၆၉၁၊ ဒေါက်တာဌေးမြင့် ဖုန်း-၀၉-၅၀၃၆၉၁၇၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၇၃၁၇၁၆၃၆၊ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁၀၆၀၉၁၊ဒေါက်တာဇော်စိုးမင်း ဖုန်း-၀၉-၅၁၃၇၅၅၄၊ ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁၉၃၀၀၂၊ ဦးပေါ်ဦး ဖုန်း-၀၉-၅၁၇၇၀၄၉၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၀၃၃၅၅၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀၁၉၄၈၈၊ ဦးကံဝင်း ဖုန်း-၀၉-၇၃၂၁၁၁၅၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဒေါ်နီလာသွင် ဖုန်း-၀၉-၅၀၄၄၄၉၆၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၄၇၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မိတ်ဆုံညစာစားပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်၊ (စနေနေ့) ညနေ ၆ နာရီတွင် M-3 Food Centre ၌ ကျင်းပမည်ဖြစ်ပါသည်။ **အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T)
(လျှပ်စစ်စွမ်းအားနှင့် လျှပ်စစ်ဆက်သွယ်ရေး)
အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၆၈-၁၉၆၉ ပညာသင်ကျောင်းဝင်နှစ် EP/EC ကျောင်းသူ ကျောင်းသားများ၏ ကျေးဇူးရှင် ဆရာ ဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ပြုလုပ်ကြမည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံသို့ ဆက်သွယ်ကန်တော့ငွေများကို ထည့်ဝင်စီစဉ်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

(၁) ဦးခင်မောင်ဝင်း(၆၈) ဖုန်း-၀၉-၇၃၁၃၈၂၂၆၊ (၂) ဦးအုန်းမြင့်(၆၈) ဖုန်း-၀၉-၄၂၀၀၂၁၁၉၈၊ (၃) ဦးသန်းဆွေ(၆၉) ဖုန်း-၀၉-၅၀၃၉၃၄၄၊ (၄) ဦးမြင့်သိန်း(၆၉) ဖုန်း-၀၉-၅၀၁၀၈၇၅၊ (၅) ဒေါ်သန်းသန်းဝင်း(၆၉) ဖုန်း-၀၉-၇၃၀၅၉၁၇၂

ကျင်းပမည့်ရက် - ၁-၃-၂၀၁၄ ရက်
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ဗြူကုန်းကျောင်းတိုက်၊ မဟာသုခိတာလမ်းဆုံ၊ ကြို့ကုန်းမှတ်တိုင်၊ အရှေ့ကြို့ကုန်း

သုံးဆယ် အထက အာစရိယပူဇော်ပွဲကျင်းပမည်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထကကျောင်းသား ကျောင်းသူဟောင်းများက အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်၊ ပြည်ထောင်စုနေ့ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်း ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးမောင်နှစ် ဖုန်း-၀၉-၂၅၀၀၀၁၇၃၆၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁- ၃၈၇၅၂၂၊ သုံးဆယ်မြို့ ဦးကံသိန်း ဖုန်း-၀၅၅-၃၀၁၂၂၊ ဦးနေဝင်း ဖုန်း-၀၅၅-၃၀၅၂၂၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၅၃၁၂၂၅၃၊ ဦးသိန်းအောင် ဖုန်း-၀၅၅-၃၁၁၁၄၊ ဦးမျိုးတင် ဖုန်း-၀၅၅-၃၀၅၀၈၊ ဦးလှထူး ဖုန်း-၀၅၅-၃၀၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၄င်းနေ့ သခင်မြပန်းခြံ၊ စံချိန်မီကားဂိတ်မှ နံနက် ၇း၀၀ နာရီတွင် အထူးယာဉ်ထွက်ခွာပါမည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လှိုင်လင်မြို့နယ် ကုန်းမယ်ဇလီကျေးရွာမှ သမိုင်းဝင် သုဝဏ္ဏသျှံဂူဘုရားများ

လှိုင်လင်မြို့နယ် ကုန်းမယ်ဇလီကျေးရွာသည် တောင်နောက်ကျေးရွာအုပ်စုတွင်ရှိပြီး လှိုင်လင်မြို့၏ တောင်ဘက် ၁၃ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းကျေးရွာ၌ သက္ကရာဇ် ၁၁၆၀ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် မွေတော်ဟော့ခေါင်ဘုရားစေတီများကို သက်တော် ၂၇ နှစ်၊ ဝါတော် ၇ ဝါရှိအရှင်ပညာဓိကက ဦးစီးဦးဆောင်ပြု၍ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ယခင်တစ်ပတ်မှ ဖော်ပြပြီးဖြစ်သည်။

ယခုဆက်လက်၍ မွေတော်ဟိုခေါင်ဘုရားစေတီများ၏ အနောက်ဘက် တစ်မိုင်လေးဖာလုံခန့်အကွာ၌ တည်ရှိသော ရှေးဟောင်းသမိုင်းဝင် သုဝဏ္ဏသျှံဂူဘုရားများ အကြောင်းကို စာရေးသူသိရှိသမျှ ကုသိုလ်မျှဝေ၍ရေးသားတင်ပြပါသည်။

ကုန်းမယ်ဇလီကျေးရွာရှိ သုဝဏ္ဏသျှံဂူသို့ တောင်ပတ်လမ်းအတိုင်းကား၊ ဆိုင်ကယ်များဖြင့် ၄င်းကျေးရွာမှ အနောက်တောင်ဘက်သို့ တစ်မိုင်လေးဖာလုံခန့် သွားရောက်ရပြီး ကျောက်နံရံကြီးတစ်ခုကို ရုတ်တရက်တွေ့မြင်ရမည်ဖြစ်ပြီး ကျောက်နံရံကြီးရှေ့တွင် ကြီးမားသည့်ဆင်းတုတော်တစ်ဆူကို ဖူးမြော်ရမည်ဖြစ်သည်။ အဆိုပါဆင်းတုတော်ကြီးသည် ပလ္လင်အမြင့် ခြောက်ပေကျော်ရှိပြီး ဆင်းတုတော်၏ ဒူးတော်အကျယ်မှာ ၂၄ တောင်၊ ညာဏ်တော်အမြင့် ၃၁ တောင်ရှိကြောင်း ဦးပဥ္ဇင်းက ရှင်းလင်းမိန့်ကြားသည်။ ယင်းဆင်းတုတော်၏ နောက်တွင် သုဝဏ္ဏသျှံဂူပေါက်ရှိကြောင်း၊ ထိုဂူပေါက်အား ပလ္လင်ခုံအမြင့်လေးပေကျော်နှင့် အလျား ၄၅ ပေရှိ လျောင်းတော်မူဆင်းတုတော်ဖြင့် ဂူပေါက်ကိုပိတ်ပြီး ကိုးကွယ်ထားကြောင်း၊ ဂူပေါက်ကြီးရှေ့တွင် ဆင်းတုတော်အဆူ ၃၀ ရှိပြီး ဆင်းတုတော်တစ်ဆူ၏ လက်တော်အောက်တွင် ၁၁၁၁ ခုဟု ကမ္ပည်းရေးထိုးထားကြောင်း ဦးပဥ္ဇင်းက ရှင်းလင်းမိန့်ကြားသည်။ ရှေးလူကြီးအဘိုးအဘွားများ ပြောကြားသည်မှာ သုဝဏ္ဏသျှံမင်းသားနှင့် ၄င်း၏မိဘများနေထိုင်ခဲ့သည့်နေရာဖြစ်ကြောင်း၊ ဖြည့်စွက်ရှင်းလင်းမိန့်ကြားခဲ့သည်။ ညာဏ်တော်အမြင့် ၃၁ တောင်ရှိ ဆင်းတုတော်ကြီး၏ အောက်ခြေပလ္လင်တွင် ဝသုန္ဒြေမယ်တော်ရုပ်တုကို ထူးဆန်းစွာထုလုပ်ထားကြောင်း တွေ့ရှိရသည်။ အလားတူခြံစည်းရိုးအုတ်တံတိုင်းတွင် ဘီလူးရုပ်၊ မျောက်မင်းရုပ်တုများကို ထုလုပ်ထားကြောင်း တွေ့ရှိရသည်။ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လကွယ်နေ့တိုင်း ပူဇော်ကျင်းပကြကြောင်း သိရသည်။

လက်ရှိတွေ့မြင်ရသည့် ဆင်းတုတော်ကြီးသည် ယခင်ကထုံးသက်န်းဖြင့်သာ ကပ်လှူပူဇော်ထားပြီး ၂၀၀၅ ခုနှစ်တွင် ရွှေသင်္ကန်းကပ်လှူခဲ့ကြောင်း၊ ဂူပေါက်ပိတ်ပြီး တည်ထားသည့် လျောင်းတော်မူဘုရားသည် ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ စေတနာရှင်အလှူရှင်များက တက်အားသရွေ့ပါဝင်လှူဒါန်းနိုင်ကြောင်း ဦးပဥ္ဇင်းက မိန့်ကြားခဲ့သည်။ ထို့ကြောင့် လှိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု ကုန်းမယ်ဇလီကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်မွေတော်ဟော့ခေါင်စေတီပုထိုးများနှင့် သုဝဏ္ဏသျှံဂူရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား သမိုင်းဆိုင်ရာ အထောက်အထားများကို တာဝန်ရှိသူများက ကွင်းဆင်းလေ့လာနိုင်ရန် ရေးသားတင်ပြလိုက်ရပေသည်။

မိုးလွင်ဦး(လှိုင်လင်)

ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံသစ် ဖွင့်လှစ်

မြိုင် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံး၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ဝယ်တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မတည်ဆောက်လုပ်၍ အဆောက်အအုံအမြင့် ၁၂ ပေ၊ အလျား ၃၁ ပေ၊ အနံ ၂၃ ပေ သွပ်မိုးအုတ်ညှပ်ကွန်ကရစ်ခင်းဖြစ်သည်။ ထို့နောက် အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံသစ်ကို ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ဝယ်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဦးနှင့် ရပ်မိ ရပ်ဖ ဦးတိုက်ပေါ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

သာစုဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနီယပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သာစုဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းထံမှ သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလပြည့်နေ့)တွင် အစဉ်အလာမပျက်ကုသိုလ်ပြုလျက်ရှိသော ဘုရားအမှူးပြုသော သံဃာတော် ၁၅ ပါးနှင့်သီလရှင် ၁၅ ပါးတို့အား လရာသီပွဲတော် ယာဂုထမနဲကို အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဘုရားအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို ဂေါပကအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက အစီအစဉ်အတိုင်း ဆောင်ရွက်ကြမည်ဖြစ်သည်။ ဘုရားပွဲတော်ရက်များတွင်လည်း ဘုရားဖူးလာပြည်သူအများ စိတ်ကြည်နူးရွှင်လန်းချမ်းမြေ့စေရန်အတွက် ရွှေတံဆိပ်ဆုရခြင်း ပညာရှင်များက မြန်မာ့ဆိုင်းဝိုင်းဖြင့်ခြင်းအလှခတ်ဖျော်ဖြေခြင်း၊ ဇာတ်ပွဲသဘင်များဖြင့် ကပြတင်ဆက်ခြင်း၊ ကလေးများ ပျော်ရွှင်နိုင်ရန် ကစားစရာအစုံတို့ကို ဖွင့်လှစ်ထားခြင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြသောလူသုံးကုန်ပစ္စည်း၊ ဒေသထွက်ကုန်ပစ္စည်းနှင့် စားဖွယ်မျိုးစုံဆိုင်များ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ကိုပါဖွင့်လှစ်ရောင်းချခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဟု သိရသည်။ **(၁၆၆)**

ယာဉ်နှစ်စီးတိုက်မိ၍ မီးလောင်မှုဖြစ်ပွား

ထန်းတပင် ဖေဖော်ဝါရီ ၄

ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ထန်းတပင် မြို့နယ် ရန်ကုန်-ညောင်တုန်းလမ်း မိုင်တိုင်အမှတ်(၁၇/၄)နှင့်(၁၇/၅) အကြားတွင် ရန်ကုန်မှ ဟင်္သာတသို့ ယာဉ်မောင်း မောင်ဦး မောင်းနှင်လာသော ၆ဂ/----မေတ္တာရှင်ခရီးသည်တင်ယာဉ်နှင့် ညောင်တုန်းမှရန်ကုန်သို့ ယာဉ်မောင်း မောင်ချို မောင်းနှင်လာသော ၇ခ/----ဒိုင်နာ ကုန်တင်ယာဉ်တို့မှာ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြပြီး ဒိုင်နာယာဉ်မှ ဂက်စ်ယိုစိမ့်ကာ ယာဉ်နှစ်စီးလုံး တိုက်မိသည့်အချိန်မှစတင်ကာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ထိ မီးလောင်ခဲ့ရသည်။ အဆိုပါယာဉ်တိုက်မီးလောင်မှုကြောင့် ယာဉ်နှစ်စီးလုံး ပျက်စီးခဲ့ပြီး ၆ဂ/---- မေတ္တာရှင်ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်လေးဦးနှင့် ၇ခ/----ဒိုင်နာကုန်တင်ယာဉ်ပေါ်ပါသူ လေးဦးတို့တွင် ဖူးရောင်ပေါက်ပြဲ နာကျင်ဒဏ်ရာများနှင့် မီးလောင်ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံသို့တင်ပို့ကုသရသောကြောင့် ယာဉ်မောင်း မောင်ဦးနှင့် မောင်ချိုတို့နှစ်ဦးကို တက်သစ်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သိမ်ဆိပ်မြို့၌ မီးသင်္ဂြိုဟ်စက်တည်ဆောက်ပြီးစီး

သထုံ ဖေဖော်ဝါရီ ၄

သထုံမြို့နယ် သိမ်ဆိပ်မြို့၌ စေတနာလူမှုကယ်ဆယ်ရေးအသင်းကြီး သိမ်ဆိပ်တိုက်နယ်၏ဦးဆောင်မှုဖြင့် အများပြည်သူတို့၏ ထည့်ဝင်လှူဒါန်းငွေများနှင့် သိမ်ဆိပ်သုသာန်တွင်မီးသင်္ဂြိုဟ်စက်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။ အဆိုပါမီးသင်္ဂြိုဟ်စက်မှာ ထင်းအသုံးပြု မီးသင်္ဂြိုဟ်စက်ဖြစ်ပြီး နာရေးပို့ဆောင်သူများအတွက်အဆင်ပြေလွယ်ကူစေရန် ထင်းကို အခမဲ့ပေးရန် စီစဉ်ထားပြီး မီးသင်္ဂြိုဟ်စက်ကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ အသုံးပြုနေပြီဖြစ်သည်။

ခွန်(ဝင်းပ)

ပါမောက္ခချုပ်ဆရာတော်၏ တရားပွဲများကို ၂၀၁၅ ခုနှစ်တွင် ခေတ္တရပ်နားပါမည်

ကျေးဇူးတော်ရှင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ မိန့်မှာချက်အရ အသိပေးကြေညာအပ်ပါသည်။ ၂၀၁၅ ခုနှစ်အတွက် ပင့်လျှောက်ပြီး တရားပွဲများ အပါအဝင် နံနက်၊ နေ့၊ ည တရားပွဲအားလုံးကို ၂၀၁၅ ခုနှစ်တွင် ခေတ္တရပ်နားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကပ္ပိယကာရကများ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၇၅၅(အေ)၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ဆရာစံလမ်း၊ (၅)ရပ်ကွက် ဦးဟုတ်ခင်၊ ဦးကျင်ဟုတ်အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်(စီမံချက်ဂရန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဟုတ်ခင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ပို့ ၁၂/ကမရ(နိုင်)၀၀၈၉၁၉ နှင့် ကျန်အမည်ပေါက် ဦးကျင်ဟုတ် ၁၂/ကမရ(နိုင်)၀၄၈၈၅၆တို့က ပူးတွဲ၍ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထက-ပြင်ခရိုင်(ပထမ)အကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက-ပြင်ခရိုင် ကျောင်းတော်ကြီး၏ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တပည့်များက မြတ်ဆရာပူဇော်ပွဲကို ၂၆-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) အထက(ပြင်ခရိုင်)တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အနယ်နယ်အရပ်ရပ်မှ တပည့်ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက် ဂါရဝပြုကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အလှူငွေထည့်လိုသူနှင့် အကြံပြုလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ပညာဘဏ်၊ အမှတ်(၂၀)၊ ဈေးချောင်းလမ်း၊ ပုသိမ်မြို့တွင် ၂၅-၃-၂၀၁၄ ရက် (အင်္ဂါနေ့)အရောက် ဆရာကြီး ဆရာမကြီးများ သတင်းပို့ စုဝေးရောက်ရှိပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်		ပုသိမ်		ပြင်ခရိုင်	
ဦးအဂ္ဂဝံသ	ဖုန်း-၀၉-၇၃၁၁၁၃၆၅	ဦးတင်ထား	ဖုန်း-၀၉-၄၉၇၂၀၆၄၅	ဦးဝင်းကျော်	ဖုန်း-၀၉-၄၉၀၀၂၂၈၆
ဦးဝင်းကို	ဖုန်း-၀၉-၈၆၁၄၈၄၇	ဦးသက်နိုင်ဦး	ဖုန်း-၀၉-၂၅၀၂၁၃၉၀၅	ဦးဇော်မင်းဦး	ဖုန်း-၀၉-၄၉၇၃၆၁၉၄
ဒေါ်မိမိခိုင်	ဖုန်း-၀၉-၅၀၃၆၁၀၃	မရူပါလီ	ဖုန်း-၀၉-၅၂၀၀၉၄၇	ဒေါ်လွဲ့လွဲ့	ဖုန်း-၀၉-၄၉၇၃၂၂၃
ဒေါ်ခင်စိုးသင်း	ဖုန်း-၀၉-၅၀၈၃၆၁၃	ဦးမျိုးထွေး	ဖုန်း-၀၉-၅၂၀၂၈၈၃	ဒေါ်ခင်သက်မော်	ဖုန်း-၀၉-၄၉၇၃၆၁၁၈
		မချိုချိုခိုင်	ဖုန်း-၀၉-၈၆၃၂၄၇၇	ဒေါ်မိမိစိမ်း	ဖုန်း-၀၉-၈၅၅၂၅၁၃

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဧရာဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများအားလုံး ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အသင်းသူ အသင်းသားများအနေဖြင့် မိသားစုဝင်များထဲမှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများစာရင်းနှင့် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ၁၆-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်နိုင်ပါသည်။

ဆက်သွယ်ရမည့်သူများ- ဦးဝင်းကြည်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၃၀၇၄၊ ဦးမျိုးကြည်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၈၆၃၈၊ ဒေါ်ရီရီဝင်း(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၁-၂၅၁၃၂၃၊ ဒေါ်သန်းသန်းနွယ်(တွဲ/အတွင်းရေးမှူး) ဖုန်း-၀၉-၄၂၂၅၅၅၄၂၀၊ ဒေါ်သန်းမြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၂၆၁၆၈၊ ဒေါ်မြင့်မြင့်သန်း(တွဲ/ဘဏ္ဍာရေးမှူး)၊ မြောင်းမြဒေါ်ချိုမုန့်ဟင်းခါး၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း ဖုန်း-၅၄၈၅၀၁၊ ၀၉-၅၀၉၄၉၁၁၊ မြောင်းမြရှိ နာယက ဦးယုထော် ဖုန်း-၀၄၂-၇၀၀၁၃၊ ဦးဝင်းဇော်(ဇော်ရတနာရွှေဆိုင်) ဖုန်း-၀၉-၄၉၇၀၃၃၃၃၊ ဆရာမ-ဒေါ်ရီရီမင်းထံ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၅၈၅၊ ၅၈၆၊ မြေကွက်တည်နေရာအမှတ် ၅၈၅၊ ၅၈၆၊ မန္တလေးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ဒလမြို့နယ် ဦးမြင့်ဇင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဇင် V/RGN-၀၀၂၄၇၈ နှင့်ဇနီး ဒေါ်စန်းစန်းမြင့် Q/RGN-၀၁၂၉၇၅ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးစံမင်း ၁၂/မရက(နိုင်)၀၄၇၈၁၀ ကလည်းကောင်း၊ ဦးစံမင်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးစံထွန်း DLA-၀၀၄၇၆၁ မှလည်းကောင်း၊ ဦးစံထွန်းထံမှ အရောင်းအဝယ်စာချုပ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်ရီလေးနွယ် ၁၂/ကတန(နိုင်)၀၇၃၅၄၅မှလည်းကောင်း အဆင့်ဆင့်ဝယ်ယူသည့် အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များနှင့် မြေချပါမစ်တင်ပြပြီး ဒေါ်ရီလေးနွယ် ၁၂/ကတန(နိုင်)၀၇၃၅၄၅က ဂရန်သစ်လျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကိုယ်တိုင်အကဲဖြတ် လေ့လာချက်လုပ်ငန်း အလုပ်ရုံဆွေးနွေး

ဖလမ်း ဖေဖော်ဝါရီ ၄

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်န်ဒီပီ)က ကြီးမှူး၍ မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ကိုယ်တိုင်အကဲဖြတ်လေ့လာချက် လုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက အလုပ်ရုံဆွေးနွေးပွဲသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အကျိုးရလဒ်ကောင်းများရရှိစေရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ချင်းပြည်နယ်ဒေသတာဝန်ခံ Mr. Moses က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ရန် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွမ်းလုံမြို့တွင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆေးကုသ

ကွမ်းလုံ ဖေဖော်ဝါရီ ၄

ဝေးလံခက်ခဲသော နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၏စီစဉ်မှုဖြင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် ဖေဖော်ဝါရီ ၂ ရက်က မြို့မစုဝေးကွင်း၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ မျက်စိရောဂါဝေဒနာရှင် ၃၅၄ ဦး၊ သွားရောဂါဝေဒနာရှင် ၁၆၉ ဦး၊ မီးယပ်ရောဂါဝေဒနာရှင် ၁၅ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၁၂၃ ဦး စုစုပေါင်း လူနာ ၆၆၁ ဦးတို့ကို အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့သည်။ **(အပေါ်ပုံ)**

ဆေးကုသရေးအဖွဲ့တွင် လားရှိုးမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင်မိုးကြည်၊ သွားအထူးကုဆရာဝန် ဒေါက်တာထွန်းထွန်းမင်း၊ ဒေါက်တာမင်းခန့်ကိုကို၊ လောက်ကိုင်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာစိုးထွဋ်ခိုင်၊ သားဖွားမီးယပ်ဆရာဝန်ကြီး ဒေါက်တာမူမူကျော်တို့ပါဝင်ပြီး ဆေးကုသမှုအဆင်ပြေစေရန် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်ထွန်းတင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းမြို့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စိုင်းဇော်ခမ်း(iprd)

နေအိမ်မီးလောင်၍ ကလေးသေဆုံး

စစ်ကိုင်း ဖေဖော်ဝါရီ ၄

စစ်ကိုင်းမြို့နယ် မကျီးကုန်းရွာသစ်တွင် နေအိမ်မီးလောင်ရာမှ အိမ်ပေါ်တွင်အိပ်နေသော ကလေးတစ်ဦး မီးလောင်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က စစ်ကိုင်းမြို့ အမှတ်(၂) ရဲကင်းစခန်းမှ ရဲအုပ်မင်းလွင်ထွန်း ရဲကင်းစခန်းတွင် ရှိနေစဉ် စစ်ကိုင်းမြို့ တင်းတိပ်ကျေးရွာအုပ်စု မကျီးကုန်းရွာသစ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ မဌေး ကြက်အရောင်းအဝယ်လုပ်ကိုင်သူ မကျီးကုန်းရွာသစ်နေသူ၏ နေအိမ်သွပ်မိုးထရံကာကြမ်းခင်း နှစ်ထပ်အိမ်မှာ မီးလောင်ကျွမ်းထားသည်ကို တွေ့ရှိရ၍ မီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို မေးမြန်းစုံစမ်းရာ အိမ်ရှင်မဌေးမှာ နေအိမ်အပေါ်ထပ် ဘုရားခန်းတွင် ဖယောင်းတိုင်ထွန်းထားပြီး သမီး ပိုးအိထွေး သုံးနှစ်နှင့် စိုင်းမင်းထွန်း တစ်နှစ်သုံးလတို့အား ခြင်ထောင်ချသိပ်ထားခဲ့ပြီး ကျေးရွာအတွင်းသွားနေစဉ် နေအိမ်အရှေ့ခန်းမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်တစ်အိမ်လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်နေစဉ် နေအိမ်အရှေ့ခန်းတွင် အိပ်နေသော ပိုးအိထွေးနှင့် စိုင်းမင်းထွန်းတို့မှာ မျက်နှာနှင့် လက်၊ ခြေထောက်များ မီးလောင်ဒဏ်ရာရရှိခဲ့ပြီး စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူရန် ပို့ထားစဉ် စိုင်းမင်းထွန်းမှာ မီးလောင်ဒဏ်ရာဖြင့် သေဆုံးသွားသည်။

သို့ဖြစ်ပါ၍ မီးပေါ့ဆစွာ အသုံးပြုခဲ့သော မဌေး (၃၆ နှစ်) အား အရေးယူ စစ်ဆေးလျက်ရှိသည်။

ထွေးမြင့်နိုင်

ရွှေ၊ စိန်ထည်ပစ္စည်း ခုနစ်မျိုးနှင့် ဖုန်းတစ်လုံးပျောက်ဆုံးမှု မြိတ်မြို့၌ ငါးရက်အတွင်း ဖမ်းဆီးဖော်ထုတ်နိုင်

မြိတ် ဖေဖော်ဝါရီ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောရကျောင်းရပ်ကွက်နေ ရွှေနန်းတော်မုန့်တိုက်ပိုင်ရှင် ဒေါ်ရှုစိန်သည် ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းက ထားဝယ်စုရပ်ကွက် ရွှေနန်းတော်မုန့်တိုက်တွင်ထားရှိသော ရွှေ၊ စိန်ထည်ပစ္စည်းများကို အလှူပွဲတွင် ဝတ်ဆင်ရန်အတွက် ကြိုတင်မှာယူထားကာ တောရကျောင်းရပ်ကွက်ရှိ နေအိမ်ခုတင်ပေါ်တွင် လက်ကိုင်အိတ်အတွင်း ထည့်ထားခဲ့ပြီး ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ရွှေ၊ စိန်ထည်ပစ္စည်းများ ပျောက်ဆုံးနေသဖြင့် မြိတ်မြို့မရဲစခန်း နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်အောင်မြင့်စိုးက အမှုကို စစ်ဆေးဆောင်ရွက်ပြီး အခင်းဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးတို့ ဦးဆောင်မှုဖြင့် တရားလိုအား စစ်ဆေး၍ ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေးနှင့် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၅၀ ကျော် သက်သေခံပစ္စည်း သိမ်းဆည်းရမိရေးအတွက် အမှုစုံစမ်းရေးအဖွဲ့သုံးဖွဲ့ခွဲကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများရှိ ဆယ်အိမ်စုစနစ်အထိ ထိုးဖောက်ဝင်ရောက်စုံစမ်းခြင်း၊ ပျောက်ဆုံးပစ္စည်းများကို ပစ္စည်းပျောက်ကြေညာပုံစံတွင် ရေးသွင်းဆောင်ရွက်ပြီး အနီးစပ်ဆုံးပုံတူရေးဆွဲကာ ရွှေဆိုင်များသို့ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေ၍ ရွှေထည်ပစ္စည်းများ လာရောက်ရောင်းချစဉ် ဖမ်းဆီးနိုင်ရေးတို့ကို စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ထွန်းကျော်(ခ) ပုလောသားအား ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက မောတောင်မြို့နယ်ခွဲ ဗန္ဓုလရပ်ကွက် ခရေလမ်းရှိ ဒေါ်လှစိန်နေအိမ်၌ ရွှေ ၁၄ ပဲရည် ရွှေတစ်ကျပ်သားစီရှိ စိန် ၂၁ လုံးပါ လက်ကောက်နှစ်ကွင်း၊ ရွှေ ၁၅ ပဲရည် သုံးမတ်သားခန့် စိန်အလုံး ၃၀ ကျော်ပါ စိန်ဆွဲသီးတစ်လုံး၊ ရွှေ ၁၄ ပဲရည် ငါးမူးသားခန့်ရှိ စိန်ကိုးလုံးပါ လက်စွပ်တစ်ကွင်း၊ ရွှေ ၁၆ ပဲရည် ရွှေသုံးကျပ်သားခန့်ရှိ လက်ကောက်တစ်ကွင်း၊ ရွှေ ၁၅ ပဲရည် ရွှေတစ်မူးသားခန့်ရှိ ကျောက်ပါလက်စွပ်နှစ်ကွင်း၊ တစ်ကျပ် ငါးမူးသားခန့်ရှိ ပလက်တီနမ်ကြိုး လက်မ ၂၀ ဆွဲကြိုးတစ်ကုံးနှင့် ဆင်းကတ်မပါ HTC အမျိုးအစား အမည်းရောင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အလေးချိန်ငါးမူးသားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်းနှင့် ဆင်းကတ်တို့သည် အချင်းဖြစ်နေအိမ်ရှေ့ရှိ မြက်ခင်းထဲသို့ စွန့်ပစ်စဉ်ပါသွားနိုင်သည်ဟု ထွက်ဆိုခဲ့ကြောင်း သိရသည်။

၄င်းဖြစ်စဉ်နှင့် ပတ်သက်၍ ပုလောမြို့အမှတ်(၄)ရပ်ကွက် ရာမညလမ်းနေ ထွန်းကျော်(ခ) ပုလောသား (၃၀နှစ်) ကျပန်းလုပ်ကိုင်သူအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုကျောင်း

UEC

OFFICIAL PRIVATE SCHOOL

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ (ကက - ၁၃/ ၄၀/ ၀၃၆)

Grade 1 to 11

OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING

SUMMER SPECIAL

FOR KIDS (aged 6-14)

- English Four Skills
- Computer
- Music
- Arts & Crafts
- Kids invent

Mar 6 - May 30

School Bus

Ph: 01 539875, 09 3155 8973, 09 515 7988, 09 50 80478, 09 730 65707

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇စီ၊ မြေကွက်အမှတ် ၁၂၇၊ မြေကွက်တည်နေရာအမှတ် ၇၊ ပိတောက်လမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် (၁) ဦးစံရွှေ ၁၂/ပဇတ(ဧည့်)၀၀၀၀၀၈၊ (၂) ဒေါ်လှသန်း ၁၂/ပဇတ(နိုင်)၀၀၇၈၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှသန်း(မိခင်)နှင့် ဦးအောင်လှ(ဖခင်)၊ ဒေါ်ဝင်းဝင်းသန်း(သမီး)တို့အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်ညိုညိုမြင့် ၁၂/သကတ(နိုင်)၀၀၄၄၁၉၊ (၂)ဦးလှဝင်း ၁၂/ပဇတ(နိုင်)၀၀၇၆၆၀၊ (၃)ဒေါ်စန်းစန်းဆွေ ၁၂/သကတ(နိုင်)၀၃၄၅၇၈၊ (၄) ဦးအေးထွန်း ၁၂/ပဇတ(နိုင်)၀၀၇၆၂၇၊ (၅) ဦးနိုင်ဝင်းအောင် ၁၂/ပဇတ(နိုင်)၀၃၃၁၉၉တို့က သားသမီးများနှင့်အမွေမဲမီမြေးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲအမည်ပေါက် ဦးစံရွှေ ၁၂/ပဇတ(ဧည့်)၀၀၀၀၀၈နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၆၄၂/၁၄၉၀ ၊ မြေကွက်တည်နေရာအမှတ်၊ ၆၄၂/၁၄၉၀ ပြည်လုံးမွေးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်တင်မြင့် ISN-၀၆၈၈၅၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၄၇၉/၉၇ (၈-၉-၉၇)ဖြင့် ဒေါ်လတ်သန်းလွင်(ခ)ဒေါ်ခင်ခင်သန်း ၁၂/ဒဂန(နိုင်)၀၂၃၅၆၉မှ ကိုယ်စားလှယ်ရယူ၍ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီး (၉)၊ လှိုင်နေရပ်ကွက် (၇)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၁၅၅)၊ မြေအကျယ်အဝန်း (၄၀ × ၆၀)ပေ၊ ပါမစ်မြေနှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းအေး (၁၂/ရပသ(နိုင်)၀၁၆၉၃၀)ထံမှ ကျွန်ုပ်က ဝယ်ယူရန်အတွက် စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား အခြားသက်ဆိုင်သူများအနေဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း) များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ရွှေစင်ဝင်း ဖုန်း-၀၉-၅၀၁၃၆၇၄၊ ၀၉-၄၀၃၇၀၀၀၀၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၉၈၈၄ ဂျာလင်း ၁၁၀ အမျိုးအစား (ငွေရောင်အနက်ကြား) လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၅/ကဘလ(နိုင်)၁၂၇၄၃၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ တောင်ငူမြို့နယ် ဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၄

မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည် ဖော်ရေးအဖွဲ့ တောင်ငူမြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ လွှတ်တော်ကိုယ်စားလှယ်များရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသော ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀၀ကို တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာပေါင်း ၄၀ က တင်ပြတောင်းခံထားသည့် ရေရရှိရေးလုပ်ငန်း ၁၀ ခု၊ ကျေးလက်တံတားလုပ်ငန်း ၂၄ ခု၊ ပညာရေးဆိုင်ရာကျောင်းအဆောက်အအုံပြုပြင်ခြင်း လုပ်ငန်းငါးခု၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံပြုပြင်ခြင်း လုပ်ငန်းနှစ်ခု၊ ကျေးရွာလူထုအတွက် အမှန်တကယ်လိုအပ်သောလုပ်ငန်းများ ၁၁ ခု စုစုပေါင်း ၅၂ ခု ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ နာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၊ အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်၊ အဖွဲ့အတွင်းရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးတင်စိုး၊ ဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ စုစုပေါင်း ၁၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သူရ(တောင်ငူ)

အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်

နေပြည်တော် ဖေဖော်ဝါရီ ၄

ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သာဂရကားလမ်း မိုင်တိုင်အမှတ် (၈၉/၄)အနီးတွင် ဆင်ပေါင်ဝဲမြို့နယ် နားပဲ့ရွာနေ မင်းမင်း(၃၀ နှစ်)မောင်းနှင်လာသည့် ၈စ/---ကင်တာအဖြူရောင်ယာဉ်သည် ခရီးသည်အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၄၁ ဦးတင်ဆောင်၍ နားပဲ့ရွာမှ တောင်တွင်းကြီးမြို့နယ် သစ်ခုတ်ကွင်းရွာသို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များအနက် နားပဲ့ရွာနေ ဒေါ်တင်မြင့်(၇၀ နှစ်)ပါ အမျိုးသမီးသုံးဦးသည် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ၎င်းရွာနေသူများဖြစ်သည့် ဒေါ်ဝင်း (၅၀ နှစ်)ပါ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၃၈ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ကိုရဲ

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

လွှတ်တော်ရန်ပုံငွေဖြင့် မိုးညှင်း၊ နန့်ပုတ်၊ နန့်ရင်းချောင်းကူး လယ်ယာကုန်ထုတ်တံတားတည်ဆောက်

မိုးညှင်း ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအုပ်စု၏ နန့်ရင်းချောင်းကူးကျေးလက်လယ်ယာကုန်ထုတ်တံတား စတင်တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြင့်ဆွေ၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်အောင်၊ ကျေးရွာအုပ်စုစည်းရုံးရေးမှူး ဦးစန်းအောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားကို မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်တို့၏ လမ်းညွှန်စီစဉ်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ မတည်ထောက်ပံ့ပေးပြီး ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်နေသော တံတားဖြစ်သည်။ **(အပေါ်ပုံ)**

တံတား၏အရှည်မှာ ပေ ၁၂၀၊ အကျယ် ၆ ပေနှင့် အမြင့် ၁၂ ပေ ရှိပြီး တံတားတည်ဆောက်ပြီးစီးပါက နန့်ပုတ်ကျေးရွာမှ ကျေးလက်တောင်သူများသည် နန့်ရင်းချောင်းတစ်ဖက်ကမ်းရှိ လယ်ယာလုပ်ငန်းခွင်များသို့ အဆင်ပြေချောမွေ့စွာ ကူးလူးသွားလာနိုင်ပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ကျေးလက်တောင်သူများက ဝမ်းမြောက်ကြည်နူးနေကြကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ရမည်းသင်းမြို့နယ်၌ ပင်စင်စားများအား ဖုန်းများမဲနှိုက်ခွဲဝေပေး

ရမည်းသင်း ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး၌ ပင်စင်စားများအတွက် တန်ဖိုးနည်း WCDMA ဖုန်း အလုံး ၅၃၀၀ ရရှိရာမှ ရမည်းသင်းခရိုင်အတွက် ဖုန်းကတ် ၅၀၀ ရရှိခဲ့သည်။ သို့ဖြစ်၍ ပျော်ဘွယ်မြို့နယ် ပင်စင်စားများအတွက် ဖုန်းကတ် ၂၀၀ ခွဲဝေပေးခဲ့သည်။ ကျန်ဖုန်းကတ် ၃၀၀ အတွက် မြို့နယ်အတွင်းရှိ ပင်စင်စားများအား မဲစနစ်ဖြင့် ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမ္မာန်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဖုန်းဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မြို့နယ်အတွင်းရှိ ပင်စင်စား ၂၄၄၀ အား ဖုန်းကတ် ၃၀၀ ကို မဲစနစ်ဖြင့် ခွဲဝေပေးမည်ဖြစ်ကြောင်း၊ ပင်စင်စားများအားလုံးဖုန်းတစ်လုံးကျစီရရှိရေးကို လစဉ်ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လစဉ်ရရှိသော ဖုန်းကတ်များကို ပင်စင်စားများအားလုံးအတွက် နံပါတ်စဉ်အလိုက် မဲနှိုက်ထားပြီးဖြစ်၍ ထပ်မံမဲနှိုက်စရာမလိုတော့ကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များက မဲနှိုက်ပေးကြသည်။

နောက်တစ်ကြိမ်တွင် နံပါတ်(၁၀၂)မှစကာ ရရှိသည့်ဖုန်းအရေအတွက်ပေါ်မူတည်ပြီး နံပါတ်စဉ်အလိုက် ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၁)

သီတဂူရွှေပြည်ဟိန်းဓမ္မဒါနဆေးရုံ ဖေဖော်ဝါရီ ၂၂၊၂၃ (၃၂)ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပါဝင်လှူဒါန်းနိုင်
ဖေဖော်ဝါရီ (၂၂၊၂၃)ရက်တွင် ဦးရေ(၃၉၆၀)ပြည့် ၃၂-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ရွှေပုံတိုင်ကမ္ဘောဇဘဏ် KBZ Bank(Account No.00730200701690301)နှင့် အခြားဘဏ်များ အရှင်ဓမ္မသိရိလင်္ကာရ (၁၂/ရကန(သ)၀၀၀၀၈၅)၊ ဖုန်း-၀၉ ၅၁၀ ၂၁၉၇၊ ၀၁-၅၄၁၄၉၃ သို့လည်းကောင်း၊
ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစေတီ၊ တာမွေ၊ သံလမ်းအနီး ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀ ၂၁၉၇) သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အ.ထ.က (၃) စမ်းချောင်း
(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ
(၁၅)ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို(၂.၃.၂၀၁၄)(တောင်သူလယ်သမားနေ့)နံနက်(၉း၀၀)နာရီတွင်အထက(၃)စမ်းချောင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။အပူဇော်ခံ ဆရာကြီး/ဆရာမကြီးများ ကျောင်းသား/ကျောင်းသူဟောင်းများနှင့်နှစ်စဉ်တွေ့ဆုံကန်တော့နိုင်ပါရန်နှင့်ကျောင်းသား/သူဟောင်းများမိတ်ဆုံညစာစားပွဲ အစီအစဉ်ရှိပါသဖြင့်မပျက်မကွက်တက်ရောက်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။
အလှူငွေများကို အောက်ပါအမှုဆောင်အဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဒေါ်သီသီရွှေ--၀၁၅၁၀၆၄၆ ဦးအေးသိန်း--၀၉၅၁၀၈၀၈၇ ဦးကျော်ဆန်းရွှေ--၀၉၅၁၁၅၆၄၄ ဒေါ်ကြည်ကြည်ထွေး--၀၉၇၃၂၀၇၅၇၀
မအေးမီသွယ်--၀၉၄၅၀၀၂၈၁၆၁ ဦးခင်မောင်ဝင်း--၀၉၃၁၁၂၂၀၉၇ ကိုနေမိုးအောင်--၀၉၇၃၁၈၆၁၃၀ ကိုသက်လင်းအောင်-၀၉၅၄၀၂၇၃၅
မဝင်းဝင်းရွှေ--၀၉၅၄၁၁၇၃၆ ကိုထွန်းနေဝင်း--၀၉၄၂၁၀၄၆၁၇၉ ကိုခန့်ဇော်လှ--၀၉၄၂၀၀၅၄၇၁၂ ပူဇော်ပွဲဖြစ်မြောက်ရေး

ဒဂုံမြို့သစ်အရှေ့ပိုင်း
၁၄/၁၅ ရပ်ကွက်
16A, 16B
ကုန်းဘောင်အိမ်ရာ မြေကွက်
ဈေးကောင်း
ပေးဝယ်သည်။
ဖုန်း-၀၉-၄၂၀၁၀၀၂၃၂
၀၉-၄၉၂၆၆၈၇၁

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅H၊ မြေကွက်အမှတ် ၄၃၆၊ မြေကွက်တည်နေရာအမှတ် ၇၊ နီလာလမ်း၊ ဗဟန်းမြို့နယ် ဦးမောင်အေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ဖခင်) ဦးမောင်အေး၊ (မိခင်)ဒေါ်စိန် ကွယ်လွန်သဖြင့် ဒေါ်အေးအေးဆန်း ၁၂/ဗဟန(နိုင်)၀၆၆၀၁၉၊ ဒေါ်မူမူဆန်း ၁၂/ဗဟန(နိုင်)၀၆၅၉၉၇၊ ဒေါ်သီသီဆန်း ၁၂/ဗဟန(နိုင်)၀၆၆၀၁၇တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်မူမူဆန်းနှင့် ဒေါ်အေးအေးဆန်း+၁ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၃၅၆/၉-၁၀-၂၀၁၃ ရသူ ဦးလှိုင်ဝင်းကြည် ၁၂/ဗဟန(နိုင်)၀၂၇၉၅၆ မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂၊ မြေကွက်အမှတ် ၁/ပ၂၊ မြေကွက်တည်နေရာ အမှတ်-၄၂၃၊ ဓမ္မာရုံ ၁ လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ဇွေင်အမည်ပေါက် မြေအမျိုးအစား မြေပိုင်မြေ၊ ဧရိယာ ဝဒသမ ၅၇၃ဧကအနက်မှ မျက်နှာစာအကျယ် ၂၆ ပေ၊ အနောက်ဘက် မျက်နှာစာအကျယ် ၁၁ ပေ၊ ခြေရင်းဘက် မျက်နှာစာအကျယ် ၆၅ ပေ၊ ခေါင်းရင်း ၇၅ ပေရှိ မြေကွက်အား မြေအမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့်ဝယ်ယူသူ ဦးလေးမောင် ကွယ်လွန်သဖြင့် ဇနီး ဒေါ်မြသန်းမှ လှိုင်မြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၁၃ ဖြင့် အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၅/၂၀၁၃ အရ တရားရုံးအမိန့်များတင်ပြ၍ ဒေါ်မိုးမိုးဆွေ(ဘိလစ်)မှ တရားရုံး ကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၁၀/ခ၊ မြေကွက်တည်နေရာအမှတ်(၅၁၀/ခ)၊ ဓာနည် ၁၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်မြအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြ(အပျိုကြီးဘဝဖြင့် ကွယ်လွန်) ညီမ ဒေါ်တင်မြင့် (ခင်ပွန်း)ဦးလှစိန်တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်စိုးနိုင် ၁၄/ဝခမ(နိုင်)၀၁၂၆၇၄က တစ်ဦးတည်းသောတူမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၃၇၂ (၂၇-၈-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးနိုင်မင်းသူ ၇/ပခန(နိုင်)၀၃၄၅၇၅က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၇၀၇၁(၁၀-၉-၁၃) ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိုက်ပျိုးရေးအတွက် အားထားရာ ဆည်တမံနှင့် မြောင်းမကြီးများ

မင်းဘူး ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး အတွင်းရှိ မင်းဘူးခရိုင်သည် မြို့နယ်ငါးမြို့နယ် ပါဝင်ပြီး ယင်းမြို့နယ်များသည် ရေမြေ၊ ရာသီဥတု အနေအထားများအရ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိကြသည်။

မင်းဘူးခရိုင်၏ အနောက်ဘက်တွင်ရှိသောရခိုင်ရိုးမတောင်တန်းကြီးမှ စတင်စီးဆင်းလာသော မန်းချောင်းနှင့် မုန်းချောင်းများသည် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် အဓိကအားထားရာများဖြစ်သကဲ့သို့ နိုင်ငံတော်မှ ဆည်၊ တမံနှင့်မြောင်းမကြီးများ အဆင့်ဆင့်တည်ဆောက်ဖောက်လုပ်ပေးထားသည့်အတွက် ခရိုင်၏ အားကိုးအားထားရာ အသက်သွေးကြောပမာ မြောင်းမကြီးများ ဖြစ်ပေါ်လာခဲ့ပေသည်။

အိုင်းမရေလွှဲဆည်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်လာသည်နှင့်အမျှ ရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းပို့ချမှုများပြားနေ၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ နိုင်ငံတော်မှ ငွေကျပ် ၁၅၁ ဒသမ ၁၀ သန်း အကုန်အကျခံ တူးဖော်ပေးခြင်းဖြင့် ရေစီးရေလာကောင်းမွန်လာပြီး စိုက်ပျိုးမြေ ၃၆၁၈၉ ဧကကို မြောင်းဖျားအထိ စိုက်ပျိုးရေအပြည့်အဝ ပေးဝေနိုင်ခဲ့သည်။

အိုင်းမရေလွှဲဆည်၏ တောင်မန်းမြောင်းမကြီးနှင့်မြောက်မန်းမြောင်းမကြီးတို့၏ မြောင်းလက်တံများသည် နှစ်စဉ် ဆည်ရေပေးဝေနေရသဖြင့် မြောင်းပေါင်ဘေးဆလံများနှင့် ကြမ်းခင်းတို့တွင် ရေတိုက်စားပျက်စီးနေ၍ မြေထိန်းနံရံတည်ဆောက်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်းနှင့် မြောင်းပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် အပြီးဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ပြီး ဒေသသီးနှံထွက်နှုန်းများလည်း သိသာစွာ တိုးမြင့်လာခဲ့သည်။ ၎င်းအပြင် မြောင်းပေါင်အနီးရှိ ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာနိုင်ရန်နှင့် မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်ရေး မြောင်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် မြောင်းပေါင်လမ်း မြေနီကျောက်စရစ်ခင်းခြင်း၊ သံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်း များလည်း ဆောင်ရွက်ပေးခဲ့သည်။

စေတုတ္တရာမြို့နယ်၏ အနောက်ဘက်မှ စတင်စီးဆင်းလာသော မုန်းချောင်းကို ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအနီးတွင် နှစ်ပေါင်း ၁၀၀ ကျော်ခန့်မှစ၍ ရေလွှဲဆည်တည်ဆောက်ကာ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် စိုက်ပျိုးမြေ ၇၂၁၅၆ ဧကဆည်ရေပေးဝေနိုင်ခဲ့သည်။

မဲဇလီရေလွှဲဆည်၏ အထက်ပိုင်းတွင် သဲနုန်းပို့ချမှုများဖြစ်ပေါ်နေပြီး မြောင်းမကြီးများအတွင်း သဲနုန်းဝင်ရောက်ကာ မြောင်းရေစီးရေလာ အဟန့်အတားဖြစ်စေသဖြင့် သဲနုန်းများတူးဖော်ခြင်း၊ အုတ်ရိုးမြေကာနံရံတည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ အုတ်လိုင်နင်စီခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ငွေကျပ် ၈၈၂၉ ဒသမ ၂၄ သန်းအကုန်အကျခံဆောင်ရွက်ပေးခဲ့သဖြင့် ယခင်ကထက် စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ခဲ့သည်။

ပွင့်ဖြူမြို့နယ်သည် မဲဇလီရေလွှဲဆည်၏ ပင်မမြောင်းမကြီးများဖြစ်သော တောင်မုန်းမြောင်းမကြီး မြောက်မုန်းမြောင်းမကြီး နှစ်ခုအကြားနှင့် မုန်းချောင်းအနီး မြို့တည်ရှိနေ၍ စိုက်ပျိုးရေအပြည့်အဝရရှိသဖြင့် လယ်၊ ယာ၊ ကိုင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများ အဓိကထားဆောင်ရွက်လျက်ရှိကြသည်။ စပါးသီးနှံအနေဖြင့် မိုးစပါး၊ နွေစပါးကို နှစ်စဉ် ပုံမှန်စိုက်ပျိုးနိုင်၍ ဒေသဝမ်းစာဖူလုံသည့်အပြင် မကွေးတိုင်းဒေသကြီး၏ အားထားရာ စပါးကျီတစ်ခုသဖွယ်လည်း ဖြစ်ပေသည်။ မုန်းချောင်းအနီး နှစ်စဉ် သဲနုန်းနုများ သောင်ထွန်းဖြစ်ပေါ်ရာမှ ကိုင်းမြေများရရှိပြီး ယင်းမြေအပေါ် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ငှက်ပျောစိုက်ခင်းများ စိုက်ပျိုးနိုင်သဖြင့် ကျေးလက်နေပြည်သူများ အပိုဝင်ငွေ တိုးပွားရရှိကြသည်။

မဲဇလီရေလွှဲဆည်သည် စီးဆင်းနေသော မုန်းချောင်းရေကို သိုလှောင်ထိန်းထားနိုင်ခြင်း မရှိသည့်အတွက် စိုက်ပျိုးရေပေးဝေရာတွင် တစ်နှစ်ပတ်လုံးလုံလောက်စွာ ပေးဝေနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပြည့်ဝစွာပေးဝေနိုင်ရန် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံကို ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ၄၆၃၀၀၀ရှိပြီး စိုက်ပျိုးမြေ ၉၆၇၇၇ ဧကအား ဆည်ရေပေးဝေနိုင်ရန်နှင့် လျှပ်စစ်စွမ်းအား ထုတ်ယူရရှိနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကြီးအုံ-ကြီးဝ ရေလှောင်ထိန်းထားသော ရေကို ရေအားလျှပ်စစ် ၇၇ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်သည့် စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ်ထွက်ရှိ၍ ရခိုင်ပြည်နယ်၏ လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်သည့်အပြင် မဲဇလီရေလွှဲဆည်သို့ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေအပြည့်အဝပေးပို့နိုင်ခဲ့သည်။ ယခုအခါ မိုးတွင်းကာလသာမက နွေစပါးစိုက်ပျိုးရာသီပါ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်သဖြင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိသော တောင်သူများ အောင်ရေပြည့်ဝစွာ ရရှိသဖြင့် စီးပွားရေးကောင်းမွန်တိုးတက်လာခဲ့ပေသည်။

စလင်းမြို့နယ်မှ လင်းဇင်းရေလွှဲဆည်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ခဲ့ပြီး ရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းပို့ချနေ၍ မြောင်းမကြီးများအတွင်း သဲနုန်းများဝင်ရောက်ကာ မြောင်းရေစီးရေလာ အဟန့်အတားဖြစ်စေသဖြင့် ဆည်အထက်ပိုင်းရှိ လက်ဝဲ၊ လက်ယာ သဲနုန်းများတူးဖော်ခြင်း၊ မြောင်းမကြီးများအတွင်း သဲနုန်းများ တူးဖော်ပေးခြင်း၊ မြောင်းပုံစံကျ ဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်းများ ဖြောင့်ပေးခြင်း၊ မြေကာနံရံနှင့် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်လိုင်နင် တည်ဆောက်ခြင်း၊ မြောင်းရေသွယ်လျှောက်များ ပြုပြင်ခြင်း၊ ရေတံခါးများပြုပြင်ခြင်း၊ ရေဆိုးထုတ်ချောင်းရိုးများ ပြန်လည်ဖော်ပေးခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်ကာ နိုင်ငံတော်မှ ငွေကျပ် ၆၂၀၅ ဒသမ ၄၁ သန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့သဖြင့် စိုက်ပျိုးမြေ ဧက ၃၂၉၈၀ ကို စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်၍ ဒေသအတွင်း ဆန်စပါးအပါ အဝင် ပဲမျိုးစုံ ထွက်နှုန်းများ သိသာစွာ တိုးတက်ရရှိခဲ့သည်။

မန်းချောင်းနှင့် မုန်းချောင်းမှ အခြေခံဖြစ်ပေါ်လာသော အိုင်းမရေလွှဲဆည်နှင့် မဲဇလီရေလွှဲဆည်တို့အပြင် စလင်းတမံမှတစ်ဆင့် စိုက်ပျိုးရေပေးဝေနေသည့် လင်းဇင်းဆည်တို့သည် ခရိုင်အတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများ အားထားရာ အသက်သွေးကြောပမာ မြောင်းမကြီးများအဖြစ် အစဉ်အမြဲယှက်နွယ်စီးဆင်းနေသောကြောင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို အမြဲထာဝရ အကျိုးပြုနေပေတော့မည်။

တင်ထွန်းဦး(iprd)

စိုက်ပျိုးရေးအတွက် အသက်သွေးကြောဖြစ်သည့် ဆည်တာတမံ

အညာဖရဲသီးဈေးကွက်

နွားထိုးကြီး ဖေဖော်ဝါရီ ၄

တရုတ်နှစ်သစ်ကူးကြောင့် အညာဒေသထွက် ဖရဲသီးဈေးကွက်မှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀မှ ၅၀၀၀၊ ၇၀၀၀ အထိ ဈေးမြင့်လာ၍ အညာဖရဲဈေးကွက် အရောင်းသွက်လျက်ရှိသည်။

ဗီယက်နမ်၊ လာအို၊ တရုတ်တွင် မုန်တိုင်းကြောင့် သီးနှံအပျက်အစီးများရှိသည့်အတွက် အညာဖရဲမှာ တရုတ်ဈေးကွက် အဝယ်လိုက်နေ၍ ဈေးကောင်းရနေခြင်းဖြစ်သည်ဆို၏။

ဖရဲထွက်ဒေသဖြစ်သော နွားထိုးကြီး၊ တံတားဦး၊ ဝမ်းတွင်း၊ မြစ်သား၊ မလှိုင်၊ ကျောက်ဆည်၊ မြင်းခြံ၊ တောင်သာတို့တွင် "ဖရဲသီးတစ်လုံး ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ ဈေးပေးစားနေရ၍ ယခင်ကလို ငွေကျပ် ၃၀၀၊ ၅၀၀ဖြင့် ဈေးမချိုတော့ပါ"ဟု ဒေသခံများက ပြောသည်။ မကြုံစဖူး ဖရဲသီးထိပ်စ ၇၀၀၀၊ ၈၀၀၀ ဈေးရ၍ဖရဲသီးအခင်းရှင်များ ဝင်ငွေကောင်းနေကြသည် ဆို၏။

နွားထိုးကြီးမြို့နယ် ကန်နား၊ ပြင်စည်ရွာများတွင် ဖရဲသီးများကို ၁၂ ဘီး၊ ၂၂ ဘီးကားများနှင့် မူဆယ်သို့ နေ့စဉ်တင်ပို့ပေးနေကြောင်း ဒေသခံတို့က ပြောပြသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ခြင်ဆေးခွေမီးမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၄

ဇန်နဝါရီ ၃၁ ရက် ည ၁၀ နာရီက ရွှေပြည်သာမြို့နယ် (၁၀) ရပ်ကွက် ဖျာပုံပတ်လမ်းနေ မခင်သီတာငြိမ်းသည် အိပ်ရာခေါင်းရင်း၌ ခြင်ဆေးခွေထွန်းပြီး အိပ်ခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် ခြင်ဆေးခွေမီးမှ ခြင်ထောင်ကို ကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ခြင်ထောင်အနည်းငယ် မီးလောင်ပျက်စီးခဲ့ပြီး မီးငြိမ်းသတ်စဉ် မခင်သီတာငြိမ်းတွင် ဝဲ/ယာလက်ခုံနှင့် ခြေသလုံးတို့၌ မီးလောင်ဒဏ်ရာများရရှိခဲ့သောကြောင့် ရွှေပြည်သာဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့ရသည်။

စိုးဝင်း(SP)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ခ/၅၁၆၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေး)

တွံတေးမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

တွံတေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၆-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ - ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၊ ဗိုလ်တထောင်စေတီတော်ရင်ပြင်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ (အရှေ့)၊ မြေကွက်အမှတ် ၁၀၅၀ $A_{က}+A_{ခ}$၊ မြေကွက်တည်နေရာအမှတ် ၁၀၅၀ $A_{က}+A_{ခ}$၊ ၇/ဈေးလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သိန်းကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းကြည်(မိခင်)နှင့် ဦးမြသန်း(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်ဝါဝါသန်း ၁၂/သကတ(နိုင်)၀၈၃၆၈၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၂၊ မြေကွက်အမှတ် ၆၂၊ မြေကွက်တည်နေရာအမှတ် ၆၂၊ မဟာဆွေ ၁ လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးညဏ်ထွန်းအောင် KTDA-၀၀၄၆၂၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးညဏ်ထွန်းအောင်(တရားရှုံး)ကိုယ်စား ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ မြို့နယ်တရားရုံးတရားမကြီးမှုအမှတ် ၆၃/၂၀၁၃ (၁၁-၆-၁၃)နှင့် တရားမဓာရီမှုအမှတ် ၃၉/၂၀၁၃ (၁၈-၆-၁၃)တို့တင်ပြပြီး ဘီလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉က အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅F/၃၅H၊ မြေကွက်အမှတ် ၆၉/၄၆၊ ၇၀/၄၆၊ မြေကွက်တည်နေရာအမှတ် ၆၅၊ ရတနာလမ်း၊ ဗဟန်းမြို့နယ် M.B Pussy Tin, Dr Alice Dhar & Sarah Dhar/ J.Dhar အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တို့ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၃၀၃၂/၂၃-၄-၁၄ဖြင့် ဒေါ်ငွေသောင်း+၄တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့ထံမှ ဒေါ်ဒေါင်းရင်(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် (၁)ဒေါ်ငွေသောင်း ၁၂/ဗဟန(နိုင်)၀၆၆၉၄၅၊ (၂) ဒေါ်တိုးဘို ၁၂/ဗဟန(နိုင်)၀၆၆၃၅၉၊ (၃) ဒေါ်ရှသ်စန္ဒာ ၁၂/ဗဟန(နိုင်)၀၈၃၄၇၃၊ (၄) ဒေါ်ဒေစီကက်သလင်း ၁၂/ဗဟန(နိုင်)၀၈၃၄၇၄ တို့က ညီမ/အဒေါ်အရင်း တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ/သေစာရင်းတင်ပြ၍ ဒေါ်ရှသ်စန္ဒာ ၁၂/ဗဟန(နိုင်)၀၈၃၄၇၃က ၎င်းကိုယ်တိုင်နှင့် ဒေါ်ငွေသောင်း+၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၃၃၁/၁၄-၈-၂၀၁၃၊ ဒေါ်တိုးဘိုထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၀၉၈/၂၁-၆-၁၃ ရယူပြီး Power မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာစရိယပူဇော်ပွဲကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၄

ဒုတိယအကြိမ် မန္တလေး တက္ကသိုလ်(ညနေသင်တန်း) ဝိဇ္ဇာ၊ သိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီလ ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယခင်က မန္တလေးတက္ကသိုလ် (ညနေသင်တန်း)သို့ မန္တလေး၊ ပုသိမ်ကြီး၊ စစ်ကိုင်း၊ စဉ့်ကိုင်၊ ပလိပ်၊ ကျောက်ဆည် အစရှိသည့် မန္တလေး အနီးဝန်းကျင်ဒေသများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီးဖြစ်သည်။ ရန်ကုန်လုပ်သားကောလိပ်နှင့် မန္တလေးတက္ကသိုလ် (ညနေသင်တန်း)သည် အလုပ်တစ်ဖက်နှင့် ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ယခင်က ဖွင့်လှစ်ပေးထားသည့် တက္ကသိုလ်ကြီးဖြစ်ပြီး ညနေ ၅ နာရီမှ ည ၉ နာရီခွဲအထိ တနင်္လာမှ သောကြာအထိ ဖွင့်လှစ်သင်ကြားခဲ့သည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

မရမ်းကုန်းကျေးရွာ ပဲစိုက်တောင်သူများအထွက်တိုးနိုင်မည်

သထုံ ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာအတွင်းရှိ ပဲစိုက်ခင်းများ ယခုနှစ်တွင် ပိုမိုအထွက်တိုးနိုင်မည်ဟု ပဲစိုက်တောင်သူများထံမှ သိရသည်။ "ပဲက မြေကြီးအစိုဓာတ်ကို ကြိုက်တာလေ။ မိုးရာသီက မိုးများထားပြီး ဆောင်းရာသီအအေးကပိုတော့ မြေအစိုဓာတ်ကကောင်းတယ်။ ရွက်ဖျန်းမြေသြဇာတွေကလည်း ပိုကောင်းလာတယ်။ ဒါကြောင့် မနှစ်ကထက် အထွက်နှုန်းကောင်းမှာပါ။ အဓိက စိုးရိမ်ရတာကတော့ အချိန်အခါမဲ့ မိုးဖျက်မှာကိုပါ။ ကျွန်တော်တို့ ရွာမှာတော့ ပဲတီစိမ်းနဲ့ ပဲရွှေဝါအစိုက်များပါတယ်။ ဧက ၁၀၀၀ ဝန်းကျင်လောက်ရှိမှာပါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းညွှန့်က ပြောကြားသည်။ သထုံမြို့နယ်အတွင်း မရမ်းကုန်း၊ ဆိတ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ တောကြီး၊ သောင်ကြီး စသည့် အောက်ကွင်းကျေးရွာများတွင် ဆောင်းသီးနှံအဖြစ် ပဲတီစိမ်း၊ မတ်ပဲနှင့် ရွှေဝါပဲတို့ကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

သက်ဦး(သထုံ)

အိပ်ရေးပျက်ခြင်းသည် ကင်ဆာဖြစ်မှုကိုအားပေးနိုင်

ညပိုင်းတွင် ကောင်းမွန်စွာမအိပ်ရခြင်းသည် နံနက်ပိုင်းတွင် မူဝေခြင်းကို ခံစားရနိုင်သည်။ ညပိုင်းတွင် အအိပ်နည်းခြင်းသည် ကိုယ်ခံစွမ်းအားစနစ်၏ စွမ်းအင်ကို အဟန့်အတားဖြစ်စေပြီး ခန္ဓာကိုယ်တွင်အဖုအကျိတ်ဖြစ်စေကာ ကင်ဆာကြီးထွားမှုကို အားပေးနိုင်ကြောင်း သုတေသနအသစ်တစ်ခုတွင် ဖော်ပြထားသည်။

ကင်ဆာသုတေသနဂျာနယ်တွင် ဖော်ပြထားသောလေ့လာမှုအရ အအိပ်နည်းခြင်း၊ အဖုအကျိတ်များကြီးထွားခြင်းနှင့် ဆိုးကျိုးများ၏ ဆက်နွယ်မှုကို ပထမဆုံး Medical Xpress တွင် ဖော်ပြထားကြောင်း သိရသည်။

အအိပ်နည်းခြင်းသည် ကင်ဆာကြောင့် အခြေအနေဆိုးလာသော ကိုယ်ခံအားစွမ်းရည်စနစ်ကို ပြောင်းလဲစေသောကြောင့် ကိုယ်ခံစွမ်းအားတိုးတက်စေရန်အတွက် ဆေးဝါးများမှီဝဲရကြောင်း၊ ယင်းသည် မော်လီကျူးများတိုးတက်လာသည့်ပုံစံနှင့် ဆင်တူကြောင်း သုတေသနခေါင်းဆောင် ကလေးအထူးကုဆရာဝန်များဥက္ကဋ္ဌ ချီကာဂိုတက္ကသိုလ် ကိုမာကလေးဆေးရုံမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဂိုဇယ်က ဆိုသည်။

မော်လီကျူးများတိုးလာခြင်းပုံစံသည် မူလကိုယ်ခံစွမ်းအားစနစ်ကို ကူညီထိန်းချုပ်ပေးသည်။ အအိပ်နည်းခြင်း၏အကျိုးသက်ရောက်မှုသည် ကင်ဆာဖြစ်ပေါ်မှု တိုးပွားလာခြင်းအတွက် သွေးဖြူဥပုံစံတစ်မျိုးအဖြစ် ပေါ်ထွက်လာသည်။

အထက်ပါ စမ်းသပ်ချက်ကို ကြွက်များတွင်အခြေခံလေ့လာခဲ့ပြီး အဆိုပါလည်ပတ်မှုယန္တရားသည် လူတို့တွင်လည်း တူညီစွာလုပ်ဆောင်ကြောင်းကို သိပ္ပံပညာရှင်များက ယုံကြည်ကြကြောင်း ဒေါက်တာဂိုဇယ်က ပြောကြားခဲ့သည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနများက အမေရိကန်လူမျိုး သန်း ၇၀ ခန့်သည် နာတာရှည်အိပ်စက်မှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လပြည့်သော်တာ

ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် ဖြန့်ချီရောင်းချလျက်ရှိ

ဘာသာပြန် စာပေနှစ်သက်သူ စာဖတ်ပရိသတ်များအတွက် ကမ္ဘာ့ရောင်းအားအကောင်းဆုံး စာအုပ်စာစောင်များမှ ကောင်းနိုးရာရာများကို ရွေးချယ်ထုတ်နုတ် ဘာသာပြန်ဆို၍ လစဉ်ထုတ်ဝေလျက်ရှိသော ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် အတွဲ (၄၁)၊ အမှတ် (၂) ထွက်ရှိနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ချစ်သူများနေ့ ရာဇဝင်မျက်နှာဖုံးဆောင်းပါးနှင့်အတူ Mc Donald's ကို ကမ္ဘာကျော်အောင် ဖန်တီးခဲ့သူ၊ တွန်းလှည်းနှင့် ဈေးရောင်းရာမှ ဟိုတယ်ပိုင်ရှင်ဖြစ်လာသူ၊ ကြေးရတတ်တို့သာ စားသုံးနိုင်ခဲ့သော ချောကလက်၊ စေတနာ့ဝန်ထမ်းပင်လယ်ပြင် အသက်ကယ်ဝန်ဆောင်မှုလုပ်ငန်း၊ တောင်ဆူဒန်ပဋိပက္ခနှင့် ရေခဲပြင်ထဲပိတ်မိနေသော သင်္ဘောအကြောင်း၊ မျက်မှောက်ရေးရာ၊ မလေးရှား၌ ကြုံတွေ့နေရသောရေကြီးမှု သဘာဝဘေးအန္တရာယ်၊ အိန္ဒိယအာဟာရချို့တဲ့မှုပြဿနာ စသည့် စိတ်ဝင်စားဖွယ်ဘာသာပြန်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့ဖြင့် သုတရသစုံလင်စွာ ဖော်ပြတင်ဆက်ထားသည်။

ထို့အပြင် ငွေကြယ်ပွင့်တို့ကမ္ဘာ၊ ငှက်ကလေးတစ်ကောင်ရဲ့ ဒဏ္ဍာရီ၊ လူငယ်နှင့်အောင်မြင်မှု၊ မျိုးသုဉ်းနေသော လိပ်ပြာများ၊ အင်္ဂါဂြိုဟ်(မားစ်) အကြောင်းသိကောင်းစရာ၊ သွေးတိုးသူများသို့အဖျားနှင့်ပတ်သက်သော အချက် ၁၀ ချက်၊ ထူးဆန်းထွေလာ၊ အင်္ဂလိပ်စာ စသည်တို့ပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၀) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်အတွင်းမှ သစ်တမလန်းပဲ့ထောင်နှစ်စင်းဖမ်းဆီးရမိ

ကသာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ဧရာဝတီမြစ်အတွင်းမှ တမလန်းသစ်များ တင်ဆောင်သော ပဲ့ထောင်နှစ်စင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၅ နာရီက ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်တို့၏ ညွှန်ကြားချက်အရ ကသာမြို့မရဲစခန်း ဒုရဲမှူး မိုးသူရိန်နှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်တင်မျိုးဝင်း၊ ခရိုင်ယာဉ်/လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဒုရဲအုပ်အောင်ဇော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဧရာဝတီမြစ်အတွင်း မော်တော်ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် ပဲ့ထောင်နှစ်စင်းကို မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ အောင်မြတ်အေးမောင်းနှင်လာသည့် ပဲ့ထောင်ပေါ်မှ အရှည်ခုနစ်ပေခန့်ရှိ တမလန်းသစ် ၁၀ တုံးနှင့် အေးမျိုးမောင်းနှင်လာသည့် ပဲ့ထောင်ပေါ်မှ အရှည်ခုနစ်ပေခန့်ရှိ တမလန်းသစ် ၁၃ တုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပဲ့ထောင်ပေါ်တွင် တမလန်းသစ်တုံးများနှင့်အတူ တွေ့ရှိသူ အောင်မြတ်အေး (၃၃ နှစ်)တံငါလုပ်ငန်း ညောင်ခြေထောက်ကျေးရွာ ကသာမြို့နယ်နေသူနှင့် အေးမျိုး(၁၈ နှစ်) တံငါလုပ်ငန်း ညောင်ခြေထောက်ကျေးရွာ ကသာမြို့နယ်နေသူတို့အား ဥပဒေအရအရေးယူသွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီး တမလန်းသစ်တုံးများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားရှိကြောင်း သိရသည်။

လူအောင်(ကသာ)

ပါမောက္ခဦးခင်မောင်ဝင်း
၏
UMFCCI ခန်းမ

ဦးအေးချွန် EEAC
Sat + Sun: 2 to 3:30 PM (Basic Level)
Sat + Sun: 3:30 to 5 PM (Intermediate Level)
SUPER TOP

မင်းတို့လိုချင်တာ "အောင်မှတ်" ငါတို့ပြန်ပေးတာ "ဂုဏ်ထူး"
(၅)တန်းမှ (၁၀)တန်းအထိ
၉-တန်း ၁၀-တန်း
BIO ECO

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/စီ၊ မြေကွက်အမှတ် ၁၀၁/က၊ မြေကွက်တည်နေရာအမှတ်-၁၄၊ ညောင်ပင်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန် ဒေါ်တင်အေး အမည်ပေါက် B-လ/န ၃၉မြေအား အမည်ပေါက် ဒေါ်တင်အေး (ကွယ်လွန်)၊ ခင်ပွန်း ဦးစိန်ထွန်း(ကွယ်လွန်)၊ သား ဦးအေးသိန်း (လူပျိုကြီးဘဝ)ကွယ်လွန်သဖြင့် (၁)ဒေါ်လဲ့လဲ့ကြည် ၁၂/အစန(နိုင်)၀၀၉၁၅၈၊ (၂) ဒေါ်မီမီချို ၁၂/အစန(နိုင်)၁၆၈၂၁၁၊ (၃) ဒေါ်ချိုချိုဇင် ၁၂/အစန(နိုင်)၁၆၈၁၆၅တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၃၂၉၊ မြေကွက်တည်နေရာအမှတ်-၃၂၉၊ ငမိုးရိပ် ၇ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း ဦးစိန်ရွှေအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးစိန်ရွှေထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မာအေး ၈/မမန(နိုင်)၀၁၈၆၃၆၊ ဦးတိုးရွှေ ၁၂/သဃက(နိုင်) ၁၁၉၃၆၈တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ် ၉၈၊ ၁၉×၂၀ ကြား၊ ၆၃×၆၄ ကြား ဒေါ်ဒေါ်စက်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ဒေါ်စက်(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ် ၃၉၁၃/၂၀၁၁ ဖြင့် အမွေဆက်ခံသူ ဒေါ်မြ ၉/မနမ(နိုင်)၀၅၆၅၅၂ က ဂရန်မူရင်းမှာ အသိမ်းလွှန်၍ ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမျိုးအစားပြောင်း ဂရန်ပျောက် အမည်ပြောင်း၊ သက်တမ်းတိုး၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၉)၊ ဦးပိုင်အမှတ် (၅)၊ ၆၁×၆၂ ကြား၊ မင်္ဂလာ× စံပြလမ်းကြား ဦးကျော်ငွေအမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးကျော်ငွေ၊ မိခင်ဒေါ်ကြည်တို့ ကွယ်လွန်၍ သမီးရင်းဖြစ်သူ ဒေါ်စန္ဒာ ၉/မရမ(နိုင်)၀၄၄၂၃၄မှ ဂရန်စာချုပ်မူရင်းနှင့် အခြားစာရွက်စာတမ်း ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ-၂၊ မြေကွက်အမှတ် ၂၅၉/က၊ မြေကွက်တည်နေရာအမှတ် ၂၅၉၊ စံပြ ၃ လမ်း၊ ယမုံနာ ၂ ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးချစ်ဘားလေးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်ဘားလေး(ဖခင်)နှင့် ဒေါ်မီနား(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးဆတ္တားရား ၁၂/ဒပန(နိုင်)၀၃၈၆၉၂၊ ဦးသန်ဂါဘဲလူး ၁၂/ ဒပန(နိုင်)၀၃၈၆၉၃၊ ဦးရေလန်ဒီ ၁၂/ဒပန(နိုင်)၀၃၈၆၉၄၊ ဒေါ်ပန်ရာဝရန် ၁၂/ဒပန (နိုင်)၀၃၈၆၉၅၊ ဒေါ်ရန်ကမား DBN-၀၀၈၇၅၂၊ ဦးပါးဆာမိ ၁၂/ဒပန(နိုင်)၀၃၈၆၉၇တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၁၄၃၅၊ မြေကွက်တည်နေရာအမှတ် ၁၄၃၅၊ သိန်းတရာလမ်း၊ ၁၄၅ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဒေါ်လှမြင့် AE-၀၄၅၈၅၁ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်လှမြင့် (အပျိုကြီး)ကွယ်လွန်၍ ဦးသန်းဝင်းမှ မောင်အရင်းဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ဦးသန်းဝင်း ၁၄/ပသန(နိုင်) ၀၁၈၃၃၁ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

"မြပုရစ်ဖူး"
[(PIV-(Virtuoso)](Total Learning Academy)
အတွက် မွေးနေ့ဆုတောင်း (၅-၂-၂၀၁၄)

ချစ်သမီးဦးလေး ဖူးဖူး **မြပုရစ်ဖူး**၏ ၅-၂-၂၀၁၄ ရက်တွင်ကျရောက်သော (၁၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင် ဖေဖေ၊ မေမေ၊ မောင်လေး၊ ညီမလေးတို့နှင့်အတူ အေးချမ်းသာယာပြည့်စုံပျော်ရွှင်၍ ဉာဏ်ပညာ ထူးချွန်ထက်မြက်အောင်မြင်သော သမီးကောင်းရတနာလေးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ - ဦးအောင်သူကို
ချစ်မေမေ - ဒေါ်လင်းကြည်ဖြူသန့်
မောင်လေး - ဘုန်းမြတ်သူ **[P-(1)G] (Total Learning Academy)**
ညီမလေး - မြနှင်းလေပြေ **Leaders-Buff(Total Learning Academy)**

"မြပုရစ်ဖူး"လေး
[PIV-(Virtuoso)](Total Learning Academy)
အတွက် မွေးနေ့ဆုတောင်း (၅-၂-၂၀၁၄)

* အလှအသစ်ထူးပါတဲ့
"မြပုရစ်ဖူး"လေး ကြည်နူးဝေ…
* နှငယ်ငယ်အတက်ခရီးအစိမ်းမှာလ
ဆယ့်တစ်မီးငြိမ်းစေ…
* မျိုးမြင့်မြတ်
ချစ်မှူးမေ
"ပုရစ်ဖူး"ဝေထိန်ငြီး…
* ရှေ့ခရီး
ဖွေမီးရှာ ပညာတင့်စွာနဲ့
စဉ်အလာယှဉ်ကာမြင့်ပါ့ကွယ်
ချစ်တဲ့သမီး…။ ။

ဘွားဘွားကြီး - ဒေါ်စောညွန့်
ဘိုးဘိုး - ဗိုလ်မှူးသန့်ဇင်(ငြိမ်း)(တက္ကသိုလ်မောင်သန့်ဇင်)
ဘွားဘွား - ဒေါ်ခင်မေဦး(မြတ်နိုးအိမ်စာပေ)
တီတီ - ဒေါက်တာစိုးလင်းကို-ဒေါက်တာမြသဲဖြူသန့်
ညီမလေး - ဖြူစင်ဦး
ဦးဦး - ဦးမိုးစည်သူသန့်
တီလေး - ဒေါ်လှဲ့ဝင်းဖြူသန့်

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး ဖူးဖူး **မြပုရစ်ဖူး** [P (IV)-Virtuoso] (Total Learning Academy) ၏ ၅-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့်မွေးနေ့မှစ၍ ထူးချွန်လိမ္မာထက်မြက်၍ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများစွာ ခံစားရသော သမီးမြတ်ရတနာလေးဖြစ်ပါစေရန် ဆုတောင်းလိုက်ပါသည်။

ဘိုးဘိုး - ဦးခင်မောင်ဂျက်ကို **(Prince Restuant)**
